## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

## အဋ္ဌမနေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

## (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ သုမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၅ ဦးရှိတဲ့အနက် ၃၆၂ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၅.၁၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ အစည်းအဝေးမတက်ရောက်နိုင်၍ ခွင့်ပန်ကြားသူများ အမည်စာရင်းကို လွှတ်တော်အခွင့်အရေးကော်မတီမှ ပန်ကြားခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ယနေ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၄၂၅ ဦးဖြစ်ပါတယ်။ တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေ ၃၆၂ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၆၃ ဦး ဖြစ်ပါတယ်။

ခွင့်ပန်ကြားသူ ၆၃ ဦးအနက် ယခင်ကခွင့်ပန်ကြားထားသူ ၃၃ ဦးဖြစ်ပြီးတော့ ယနေ့ခွင့်ပန်ကြားသူ ၃၀ ဦး ဖြစ်ပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း ခွင့် ၁ ရက်၊

(၂) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

(၃) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၄) ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည် ခွင့် ၁ ရက်၊

(၅) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၁ ရက်၊

(၆) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၇) မြစ်ကြီးနားဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၈) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၁ ရက်၊

(၉) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၁ ရက်၊

(၁၀) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၁ ရက်၊

(၁၁) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ ခွင့် ၁ ရက်၊

(၁၂) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်၊

(၁၃) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၁ ရက်၊

(၁၄) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၁ ရက်၊

(၁၅) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ခွင့် ၁ ရက်၊

(၁၆) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ် ခွင့် ၁ ရက်၊

(၁၇) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၁၈) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၁၉) ဇန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၁ ရက်၊

(၂၀) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၂၁) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းကျော်နီ ခွင့် ၁ ရက်၊

(၂၂) လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၁ ရက်၊

(၂၃) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွန်းခေါင်လွင် ခွင့် ၁ ရက်၊

(၂၄) ဓနုဖြူမဲဆန္ဒနယ်မဲဆန္ဒနယ်မှ ဦးကြည်တင့် ခွင် ၁ ရက်၊

(၂၅) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်၊

(၂၆) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်၊

(၂၇) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၁ ရက်၊

(၂၈) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော် ခွင့် ၁ ရက်၊

(၂၉) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်နှင့်

(၃၀) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်ပန်ကြားသူ ၃၀ ဦးကိုခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ အခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို

လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ကို စတင်ဆောင်ရွက်ပါမယ်။

### ပြည်ထောင်စုအစိုးရ၏ အခွန်ကောက်ခံရငွေများနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဒုတိယဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မမေးမယ့်မေးခွန်းကတော့ ပြည်ထောင်စုအစိုးရရဲ့ အခွန်အကောက်ရငွေများအနက်မှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနက အချို့ကိုမိမိသဘောအလျောက် ခွဲဝေပေးခွင့်ရှိပါသလား။ မရှိပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်လည်းကောင်း၊ တည်ဆဲဥပဒေအရပ်ရပ်နှင့်လည်းကောင်း ညီညွတ်စေရေးအတွက် မည်ကဲ့သို့ ပြင်ဆင်ဆောင်ရွက်စေမည်ကို သိရှိလိုပါကြောင်းဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီမေးခွန်းနှင့်ပတ်သက်ပြီး ပြောရမယ်ဆိုရင် ကျွန်မတို့အခု အသံတွေမြည်နေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ရန်ကိစ္စတွေနဲ့လည်း အများကြီးဆက်နွယ်နေပါတယ်။ အဲ့ဒီတော့ ဒီမေးခွန်းအရဆိုလို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၅၄ မှာ ပါပါတယ်။ တိုင်းဒေသကြီး (က)၊ (ခ) နှစ်ခုပါပါတယ်။ ၂၅၄(က) က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဇယား ၅ ပါ အခွန်အခများကို ဥပဒေနှင့်အညီကောက်ခံ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်းရမည်။ ၂၅၄(ခ)မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရှိသည်လို့ ပုဒ်မ

၂၅၄ မှာ giving ပေးထားပါတယ်။ အဲ့ဒီတော့ ပုဒ်မ ၂၅၄ ရဲ့ဇယား ၅ ကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကျွန်မလည်း ခဏခဏပြောပါတယ်။ ရှာစရာမလိုဘူး။ ဒါလောက် အရေးကြီးတဲ့ဇယား ၅ ကို စာအုပ်ကိုမှောက်ကြည့်လိုက် နောက်ဆုံးစာမျက်နှာမှာ ဇယား ၅ ကပါပြီးသားဖြစ်ပါတယ်။ အဲ့ဒီတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဖို့ဆိုရင် အခုကျွန်မတို့ လုပ်ရင်းကိုင်ရင်းနဲ့ PAC ကလည်း လပေါင်း ၂၀ လောက်မှာမှ စာရင်းစစ်ဥပဒေကို အနည်းငယ်ပြင် လို့ရတာပါ။ အခုလည်းသူပေးထားတဲ့ giving က ပေးထားချက်ကဘာလဲဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်မှာပဲ ကျွန်မတို့က အလုပ်လုပ်ရမှာဖြစ်ပါတယ်။ အဲ့ဒီတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ ၂၅၄ မှအပဆိုတဲ့အခါကျတော့ ၂၅၄ ရဲ့ဇယား ၅ မှာရှာကြည့်လို့ရပါတယ်။ ၂၅၄ အပလို့ဆိုသည့်အတွက် ဒီဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆိုင်တဲ့ ယခုကဲ့သို့သောကိစ္စရပ် မြောက်မြားစွာ ပေါ်လာနိုင်ဦးမှာဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်မတို့ တိုင်းပြည်မှာနည်းနည်းရှုပ်ရမယ်ဆိုရင် နိုင်ငံရေးအပြောင်းအလဲတွေဖြစ်နေပါပြီ။ အဲ့ဒီမှာအဓိကအရေးကြီးဆုံးကစီးပွားရေးအပြောင်းအလဲလုပ်ဖို့လိုပါတယ်။ နိုင်ငံရေးအပြောင်းအလဲဖြစ်ပြီးတဲ့နောက်ပိုင်း စီးပွားရေးအပြောင်းအလဲမလုပ်ဖူးဆိုလို့ရှိရင် Self Nation လို့ခေါ်တဲ့ ကျွန်မပြောဖူးပါတယ်။ ရပ်တန့်နေတဲ့အချိန်အခါဖြစ်ပါတယ်။ အလွန်ကြောက်စရာကောင်းတဲ့ အခြေအနေဖြစ်ပါတယ်။ နိုင်ငံရေးပြောင်းပြီးတော့ စီးပွားရေးတိုးတက်ပြောင်းလဲဖို့အတွက် ဥပဒေတွေကအချိန်မီလုပ်ရမှာဖြစ်ပါတယ်။ ကျွန်မကတော့ ဝင်ငွေခွန်ဥပဒေကိုဆွဲဖို့အတွက် အမျိုးမျိုးလေ့လာပြီးတော့ Draft လုပ်ပါတယ်။ ဒါပေမယ့် ဝင်ငွေခွန်ဥပဒေကိုဆွဲမယ်ဆိုတဲ့ အခါကျတော့ အဲ့ဒီထဲမှာပါတဲ့ငွေတန်ဖိုးတွေပြင်ဖို့နဲ့ တံဆိပ်ခေါင်းခွန်ဥပဒေအရင်ပြင်မှ ဝင်ငွေခွန်ပဒေဆိုတာ ပြင်လို့ရပါတယ်။ ဒီလွှတ်တော်ကြီးပြီးသွားတဲ့အထိ ဝင်ငွေခွန်ဥပဒေဟာပြင်ဖို့မလွယ်ပါဘူး။ ပြင်တာကတော့ ရတဲ့အချိန်လေးပြင်ရမှာပါ။ အဲ့ဒီတော့ဆင်ခြင်ဉာဏ်ကင်းမဲ့စွာနဲ့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်မယ်ဆိုလျှင် ဘယ်နားကပြင်မှာလဲ။ ဘယ်နေရာကိုဘယ်လိုလုပ်ရမှာလဲ။ လုပ်လို့ကိုင်လို့ လုပ်ရင်းနဲ့မှ ပြင်စရာတွေပေါ်လာမှာဖြစ်ပါတယ်။ အနည်းဆုံး ၁၀ နှစ်လောက်နေမှ ပြင်စရာတွေက ဒါတောင် ပြည့်ပြည့်စုံစုံရဦးမှာ မဟုတ်ပါဘူး။ အဲ့ဒီတော့ ကျွန်မရဲ့မေးခွန်းဆိုလိုတာကို ပြန်သွားပါမယ်။ ၂၅၄ မှအပဆိုတော့ ဇယား ၅ မှအပ ကျွန်မတို့ကဆောင်ရွက်ရမှာဖြစ်ပါတယ်။ တိုင်းနဲ့ဒေသကြီးက၊ အဲ့ဒီတော့ တိုင်းဒေသကြီးနှင့်ပတ်သက်လို့ပြောထားတာက ပုဒ်မ ၂၃၀ (က)၊ ပုဒ်မ ၂၃၀ က ဘဏ္ဍာရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်လို့ပြောထားတယ်။ (က) ရယ် (ခ)ရယ်ဆိုတော့ အရေးကြီးတဲ့ (ခ) လေးကျွန်မဖတ်ပြပါမယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးစာရင်းများကို နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ကျန်ဒုတိယသမ္မတတစ်ဦးက

ဦးဆောင်စိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံးငွေစာရင်း လျာထားချက်ကို ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရမည်။ အဲ့ဒီလိုပါပဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)အထိ ပုဒ်မ ၂၃၀ ကို စာအုပ်ထဲမှာကြည့်လို့ရပါတယ်။ အဲ့ဒီတော့ အမတ်တွေအတွက် ပုဒ်မ ၁၂၁ ကအရေးကြီးသလိုပဲ ကျွန်မတို့ ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်အမတ်တွေအတွက် ပုဒ်မ ၁၂၁ ကအသက်ဖြစ်သလိုပဲ အခုအခွန်ကိစ္စမှာ တိုင်းဒေသကြီးရဲ့ အသက်ကပဲ ပုဒ်မ ၂၃၀ ဖြစ်ပါတယ်။ အဲ့ဒီတော့ ပုဒ်မ ၂၃၀ နှင့်ညီလား၊ မညီလားဆိုတာကို မေးမြန်းခြင်းဖြစ်ပါတယ်။ ဖြေကြားပေးပါရန် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပန်ကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးရဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ယခင် အမြတ်ခွန်ဥပဒေပုဒ်မ ၃၁ မှာ မြို့နယ်အလိုက်ကောက်ခံရရှိတဲ့ အခွန်တွေအနက်က ဝန်ကြီးအဖွဲ့က မြို့နယ်အလိုက်သတ်မှတ်တဲ့ ရာခိုင်နှုန်းအချိုးနှင့်ညီတဲ့ငွေကို သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းနိုင်တယ်ဆိုပြီးတော့ ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဝန်ကြီးအဖွဲ့ကနေပြီးတော့ ၁၈-၁၁-၁၉၇၆ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၁၁ ဖြင့် မြန်မာနိုင်ငံတော်အတွင်း မြို့နယ်အလိုက် ကောက်ခံရရှိတဲ့ အမြတ်ခွန်ရငွေကနေပြီးတော့ ယင်းငွေပမာဏရဲ့ ၅ ရာခိုင်နှုန်းအချိုးနှင့်ညီမျှတဲ့ငွေကို ဆိုင်ရာမြို့နယ်စည်ပင်သာယာရေး ရန်ပုံငွေကို လွှဲပြောင်းပေးသွင်းရမယ်ဆိုပြီးတော့ ထုတ်ပြန်ကြေညာခဲ့ပြီးတော့ ၁၉၇၇-၁၉၇၈ ဘဏ္ဍာရေးနှစ်ကစပြီးတော့ လွှဲပြောင်းပေးသွင်းခဲ့ပါတယ်။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာနက စီမံခန့်ခွဲလျက်ရှိတဲ့ ဥပဒေများကို ရုပ်သိမ်း၊ ပြင်ဆင်တဲ့ဥပဒေများကို ပထမ

အကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တင်ပြခဲ့ပြီးတော့မှ လွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းတဲ့ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁ အဖြစ် ၂၉-၉-၂၀၁၁ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။ ဒီလိုအမြတ်ခွန်ဥပဒေကို ရုပ်သိမ်းခဲ့ပေမယ့် ဝင်ငွေခွန်ဥပဒေအခန်း (၁၈)၊ ပုဒ်မ ၅၉ မှာ မြို့နယ်အလိုက် ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကောက်ခံရရှိတဲ့ အခွန်အနက် ကျပ်ငွေဖြင့်ကောက်ခံရရှိငွေကို ပြည်ထောင်စုအစိုးရအဖွဲ့က မြို့နယ်အလိုက် သတ်မှတ်တဲ့ရာခိုင်နှုန်းအချိုးအတိုင်း သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေအဖွဲ့သို့ လွှဲပြောင်းပေးသွင်းနိုင်တယ်ဆိုပြီးတော့ သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၂၂-၇-၂၀၁၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၂) နဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဟာ နိုင်ငံတော်အတွင်း မြို့နယ်အလိုက်ကောက်ခံရရှိတဲ့ ဝင်ငွေခွန်များအနက် ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကျပ်ငွေဖြင့်ကောက်ခံရရှိငွေ၏ ၅ ရာခိုင်နှုန်းကို သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေသို့ ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၉ ပါပြဋ္ဌာန်းချက်နှင့်အညီ လွှဲပြောင်းပေးသွင်းရန်နှင့် ဒီအမိန့်ကြော်ငြာစာဟာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်ဟု ထုတ်ပြန်ခဲ့ပါတယ်။ ဒီအမိန့်ကြော်ငြာစာနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှာရှိတဲ့ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များကို စည်ပင်သာယာဝေစုများအဖြစ် လွှဲပြောင်းပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ၊ ဇယား ၁၊ အမှတ်စဉ် (၂၃) ပစ္စည်းလွှဲစာချုပ်၊ အမှတ်စဉ် (၃၃) မေတ္တာဖြင့် ပစ္စည်းပေးကမ်းသည့်စာချုပ်၊ အမှတ်စဉ် (၄၀) အပေါင်စာချုပ်တို့အပေါ် ပြည်တွင်းအခွန်များဦးစီးဌာနမှ တံဆိပ်ခေါင်းခွန်ကောက်ခံရာမှာ 1920 The Yangon Development Trust Act, ပုဒ်မ ၆၈ (၁)၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥပဒေပုဒ်မ ၃၁(က) နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥပဒေပုဒ်မ ၃၆(က) တို့အရ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များမှာ အပိုတံဆိပ်ခေါင်းခွန် ၂ ရာခိုင်နှုန်းကို ထပ်ဆောင်းကောက်ခံပြီးတော့မှ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များကို လွှဲပြောင်းပေးသွင်းလျက်ရှိပါတယ်။

သို့ပါ၍ မိမိတို့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ ပြည်ထောင်စုအစိုးရရဲ့ အခွန်ကောက်ခံရငွေများအနက်ကနေပြီးတော့ အချို့ကို မိမိသဘောအလျောက် ခွဲဝေပေးနိုင်ခြင်းမရှိပါကြောင်းနှင့် တည်ဆဲအခွန်ဆိုင်ရာဥပဒေများနှင့် သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီဥပဒေများအရ ခွဲဝေပေးခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ဆက်စပ်မေးခွန်းကို ကျွန်မ၏ယူဆချက်ထပ်ပြီးတော့ ဆက်လက်မေးခွင့်ပြုပါ။ ခွင့်တောင်းခံအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးပါ။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ ခုနက ဒုတိယဝန်ကြီးပြောသွားတာ အင်မတန်ပဲကောင်းပါတယ်။ ကျွန်မပြန်ပြောရမယ်ဆိုရင် နိုင်ငံတော်ထဲမှာ မြို့နယ်အလိုက်ကောက်ခံရရှိတဲ့ဝင်ငွေတွေအနက် ပုဂ္ဂလိက ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကျပ်ငွေဖြင့်ကောက်ခံရငွေရဲ့ ၅ ရာခိုင်နှုန်းကို သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးရန်ပုံငွေအသီးသီးကို လွှဲပြောင်းပေးသွင်းထားရန် ပြည်ထောင်စုအစိုးရအဖွဲ့က ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၉ ပါပြဋ္ဌာန်းချက်နှင့်အညီ ၂၂-၆-၂၀၁၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၂) ကို ထုတ်ပြန်ပေးထားပြီးဖြစ်ပါတယ်။ အဲ့ဒါကြောင့် အဲ့ဒီသတ်မှတ်ချက်အတိုင်း လွှဲပြောင်းပေးလျက်ရှိကြောင်း သိရှိရပါတယ်။ ဒီလိုဝင်ငွေခွန်ကောက်ခံရရှိငွေရဲ့ ၅ ရာခိုင်နှုန်းကို မြို့နယ်စည်ပင်သာယာရေးရန်ပုံငွေကို လွှဲပြောင်းပေးခြင်းဟာ လည်းအသစ်အဆန်းမဟုတ်ပါဘူး။ ယခင်ကတည်းကတည်ရှိခဲ့တဲ့ ၁၉၆၂ ခုနှစ် အမြတ်ခွန်ဥပဒေအရ တစ်ဦးချင်းပုဂ္ဂိုလ်များထံမှ အမြတ်ခွန်ကောက်ခံစဥ်ကလည်း ဒီဥပဒေပုဒ်မ ၃၁ အရ အမိန့်ကြော်ငြာစာကို ထုတ်ပြန်ထားခဲ့ပါတယ်။ အဲ့ဒီတော့ မြို့နယ်အလိုက်ကောက်ခံရရှိတဲ့ အမြတ်ခွန်တွေကနေပြီးတော့ အဲ့ဒီပမာဏရဲ့ ၅ ရာခိုင်နှုန်းနှင့်ညီမျှတဲ့ငွေကို သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးရန်ပုံငွေအသီးသီးသို့ လွှဲပြောင်းခဲ့ရပါတယ်။ အဲ့ဒီတုန်းကတည်းက။ အဲ့ဒီတော့ အခုပြန်ကြည့်မယ်ဆိုရင် သတင်းစာအစိတ်အပိုင်းတစ်ခု ကျွန်မဖတ်လိုက်ရပါတယ်။ အဲ့ဒါက ကြေးမုံသတင်းစာ အဲ့ဒါကိုကျွန်မ cut လုပ်ပြီးတော့ ယူတော့ထားပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့ထုတ် ကြေးမုံ အစိုးရသတင်းစာမှာပါပါတယ်။ စာမျက်နှာ ၁၀ မှာ တရားမဝင်တင်သွင်းလာသည့် မော်တော်ဆိုင်ကယ်များအား တရားဝင်လိုင်စင်ထုတ်ပေးရေးစီမံချက်ကာလဖြစ်သော ၂၀၁၂ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှ နိုဝင်ဘာလ ၆ ရက်နေ့အထိ ၅ လတာကာလအတွင်း မွန်ပြည်နယ်၌ အခြားအခွန်များအပြင် in bracket ကုန်သွယ်လုပ်ငန်းခွန်ရရှိငွေ ၂၈၅၁ သန်းအနက် ၂၅ ရာခိုင်နှုန်း ဖြစ်သော ငွေကျပ် ၇၁၂.၉၁ ကို မွန်ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးထွန်းထွန်းအောင်က လွှဲပြောင်းပေးရာ မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဒေါက်တာခင်မောင်လွင်က လက်ခံရရှိကြောင်းဆိုပြီးတော့ သတင်းကိုဖတ်လိုက်ရပါတယ်။ အဲ့ဒီတော့ ကျွန်မ၏ယူဆချက်ကကျတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကနေ ဘဏ္ဍာငွေ သင့်တင့်လျောက်ပတ်စွာ ဖြည့်စည်း

ပေးခြင်းကို ပြည်ထောင်စုရဲ့ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ပဲဆောင်ရွက်ခွင့်ရှိပါတယ်။ ဒီပုဒ်မ ၂၃၀ ကိုပဲအသေကိုင်ထားရမှာပါ။ ပြည်ထောင်စု၏ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံသို့ ဘဏ္ဍာရေးကော်မရှင်က ထောက်ခံတင်ပြရမည်ဖြစ်ကြောင်း၊ သို့မှသာလျှင် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေ ခုနကကျွန်မညွှန်းတဲ့ ပုဒ်မ၊ အရေးအကြီးဆုံးပုဒ်မ ၂၃၀ နဲ့ညီညွတ်မှလို့ ယူဆပါတယ်။ ဝန်ကြီးရဲ့သဘောထားသိပါရစေရှင့်။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီမော်တော်ဆိုင်ကယ် စီမံချက်ကိစ္စဟာ ခုနကကျွန်တော်တင်ပြတဲ့ ဒီဝင်ငွေခွန်ပေါ်မှာ စည်ပင်သာယာရေးအဖွဲ့များကို ဥပဒေရေးအရလွှဲပြောင်းပေးတဲ့ကိစ္စမျိုးမဟုတ်ပဲနဲ့ သူကတော့သီးခြားပေါ့။ အထူးစီမံချက်အနေနဲ့ ဆောင်ရွက်တဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒါကိုကျွန်တော်တို့ဥပဒေနှင့်အညီဖြစ်အောင်လို့တစ်ကြောင်းပေါ့။ နောက် တိုင်းဒေသကြီး/ပြည်နယ်များရဲ့ ဒေသဖွံ့ဖြိုးရေးအတွက်လည်း ကျွန်တော်တို့က ပြည်ထောင်စုအနေနဲ့ပေါ့ ရငွေပိုင်းကို ပံ့ပိုးပေးသင့်တဲ့အချက်ကြောင့်တစ်ကြောင်း၊ ပံ့ပိုးပေးဖို့လိုအပ်တဲ့အချက်ကြောင့်တစ်ကြောင်း ကျွန်တော်တို့က ဥပဒေနှင့်ညီအောင် ကျွန်တော်တို့ကဆောင်ရွက်ခဲ့တာ ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဒီဆိုင်ကယ်စီမံချက်နဲ့ ပတ်သက်လို့ပထမဦးစွာ ကျွန်တော်တို့ ပြည်တွင်းအခွန်များဦးစီးဌာနကနေပြီးတော့ ဘဏ္ဍာရေးဝန်ကြီးဌာနကို တင်ပြပါတယ်။ တင်ပြပြီးတော့မှ ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းကို ဆိုင်ကယ်စီမံချက်နှင့် ရရှိတဲ့ ငွေများအနက်က ၂၅ ရာခိုင်နှုန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်ကို လွှဲပြောင်းပေးဖို့ဆိုပြီးတော့ ကျွန်တော်တို့တင်ပြခဲ့တာရှိပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့လည်း ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးမှာပဲ သဘောတူဆုံးဖြတ်ပြီးတော့မှ ဒီပြည်ထောင်စုလွှတ်တော်ကို ကျွန်တော်တို့က ၂၀၁၂ ခုနှစ် မေလမှာ ကျွန်တော်တို့က သဝဏ်လွှာပေါ့။ နိုင်ငံတော်သမ္မတအနေနဲ့ သဝဏ်လွှာ။ ဒီကိစ္စကို ကျွန်တော်တို့ဆောင်ရွက်ပါမယ်။ ဆောင်ရွက်လို့ရတဲ့ငွေရဲ့ ၂၅ ရာခိုင်နှုန်းကို တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေကို ဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ လွှဲပြောင်းပေးပါမယ်ဆိုပြီးတော့ ဒါပြည်ထောင်စုလွှတ်တော်ကို သဝဏ်လွှာပေးပို့ခဲ့ပါတယ်။ သဝဏ်လွှာပေးပို့ပြီးတော့ ကျွန်တော်တို့ရဲ့ ဒီဘက်ကဆိုင်ကယ်စီမံချက်နှင့်ပတ်သက်တဲ့ လုပ်ငန်းဆောင်တာတွေလုပ်ပြီး နောက်ဆုံးမှာ ရရှိငွေရဲ့ ၂၅ ရာခိုင်နှုန်းကို တိုင်းဒေသကြီး/ပြည်နယ်ကို ဥပဒေအရ လွှဲပြောင်းပေးဖို့က ပြည်ထောင်စုအစိုးရ

အဖွဲ့အနေနဲ့ ဘဏ္ဍာရေးကော်မရှင်မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ပေါ့။ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေ အရသုံးဆိုင်ရာဥပဒေ၊ ဘဏ္ဍာရေးကော်မရှင်ကိုတင်ပြတဲ့အချိန်မှာ ဒီ ၂၅ ရာခိုင်နှုန်းကို တိုင်းဒေသကြီး/ ပြည်နယ် ထောက်ပံ့ငွေအနေနဲ့ ကျွန်တော်တို့ထည့်သွင်းပြီးတော့မှ ပေးပါမယ်လို့ဆိုပြီးတော့ ထည့်သွင်း တင်ပြခဲ့တဲ့အတွက် ဘဏ္ဍာရေးကော်မရှင်ကလည်း ခွင့်ပြုခဲ့ပါတယ်။ ခွင့်ပြုခဲ့ပြီးတော့ ခွင့်ပြုခဲ့တဲ့ ၂၀၁၃ ခုနှစ် ပြည်ထောင်စုရဲ့ဘဏ္ဍာငွေအရသုံးဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်ကို တင်ပြပြီး တော့မှ ပြည်ထောင်စုလွှတ်တော်ကလည်း အတည်ပြုပြီးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆိုင်ကယ် စီမံချက်အခွန်ကောက်ရငွေကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကို ၂၅ ရာခိုင်နှုန်း လွှဲပြောင်း ပေးတဲ့ကိစ္စက ဥပဒေနှင့်အညီ ကျွန်တော်တို့ဆောင်ရွက်ခဲ့တာဖြစ်ကြောင်း ထပ်မံရှင်းလင်းတင်ပြအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အောင်ဘာလေသိန်းဆုလက်မှတ် ပြင်ပရောင်းစျေးမှာ ၅၀ ရာခိုင်နှုန်းခန့် ကြီးမြင့်နေသည်ကို ပြုပြင်ရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(မြင်းခြံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ လေ့လာသူများ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နဲ့ ပြည်သူ့ လွှတ်တော် ဘဏ်များနဲ့ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အတွင်းရေးမှူး ဦးဝင်းမြင့် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းသွားမယ့် မေးခွန်းကတော့ အောင်ဘာလေသိန်းဆုလက်မှတ် ပြင်ပရောင်းစျေးများမှာ ၅၀ ရာခိုင်နှုန်းခန့် ကြီးမြင့်နေသည်ကိုပြုပြင် ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းကိုမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲမှ လစဉ် ၁ ရက်နေ့တိုင်း အောင်ဘာလေ ဆုဖွင့်ပွဲများကျင်းပရန် ဆုလက်မှတ် ၁၁ ဆောင်ပါတစ်အုပ်လျှင် ၂၀၀၀ ကျပ်ဖြင့် လစဉ် လဆန်း ၁ ရက်နေ့တိုင်းစတင်ရောင်းချပြီး နယ်မြို့များမှာ လစဉ်ရုံးဖွင့်ရက် ၅ ရက်၊ ရန်ကုန်မှာ လမကုန်မီ ရက်သတ္တပတ်များ အရောင်းပိတ်ကျောင်း လက်မှတ်တွင်ကြေညာထားသည်ကို လေ့လာတွေ့ရှိရပါ

တယ်။ တစ်စောင်ချင်းတန်ဖိုးမှာ ၂၀၀ ဖြစ်ပြီး တစ်အုပ်ရောင်းရတိုင်း ၁၁ ပါတဲ့အတွက် ၂၂၀၀ ကျပ်ရရှိပြီးအမြတ်ငွေ ၂၀၀ ကျပ်ရရှိ၍ ဝယ်ရင်းဈေး၏တစ်လအတွင်း ရင်းနှီးငွေ၏ ၁၀ ရာခိုင်နှုန်း အမြတ်ငွေရရှိသော အခွင့်အလမ်းပေးထားသည်ကို တွေ့ရှိရပါတယ်။ အောင်ဘာလေသိန်းဆုလက်မှတ်ရောင်းရငွေရဲ့ ၆၀ ရာခိုင်နှုန်းကို ဆုအဖြစ်ခွဲဝေပေးကြောင်းနဲ့ကျန် ၄၀ ရာခိုင်နှုန်းနဲ့ ဆုအဖြစ်သတ်မှတ်ထားသော်လည်း လာရောက်မထုတ်သည့်ဆုငွေများကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ်ရယူကြောင်း လေ့လာတွေ့ရှိရပါတယ်။ တိုင်းပြည်ရဲ့ ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အဦများဖွံ့ဖြိုးတိုးတက်ရေးသုံးတဲ့ငွေ ဘဏ္ဍာငွေဖြစ်တဲ့အတွက်ကြောင့် နိုင်ငံသားများက လိုလားစွာအားပေးနေကြောင်းလည်းတွေ့ရှိရပါတယ်။ ပြီးခဲ့တဲ့စက်တင်ဘာလ ၁ ရက်နေ့ဖွင့်ပွဲမှာဆုအကြွေရာ ၃၅ လုံးအထိ ထုတ်ဝေရောင်းချခဲ့ကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ ဆုလက်မှတ်များကို ထုတ်ဝေဖြန့်ချိတဲ့ ရောင်းဈေးနှုန်း ၂၀၀ ကျပ်အတိုင်းဝယ်မရဘဲနဲ့ ပြင်ပဈေးကွက်မှာ တစ်စောင်လျှင် ၂၅၀ ကျပ်မှ ၃၅၀ ကျပ်အထိ ၅၀ ရာခိုင်နှုန်းခန့် အမြတ်ကြီးစွာပေးပြီးတော့ ကံစမ်းနေရကြောင်း ထုတ်ဝေရိုက်နှိပ်ဖြန့်ချိရောင်းချမှုမမှန်ကန်သေးကြောင်း ပြည်သူ့အသံများကြားနေရပါတယ်။ ယခုကာလလို နိုင်ငံရေး၊ စီးပွားရေးအကူးအပြောင်းကောင်းမွန်နေတဲ့အချိန်မှာ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ပြည်သူ့ဆန္ဒအလေးထားမှု၊ တိုင်းပြည်၏ကျေးဇူးတရားသိတတ်သော ဝန်ထမ်းကောင်းဖြစ်ရန် ကြိုးပမ်းအားထုတ်မှု၊ ဥပဒေစည်းမျဉ်း စည်းကမ်းများလိုက်နာတတ်မှု၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရန် စသည်တို့ပေါင်းစပ်မှ မျှော်မှန်းထားတဲ့ပန်းတိုင်ကိုရောက်ရှိမှာ မလွဲဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်ဘဏ္ဍာငွေတိုးတက်ရရှိရေး၊ နိုင်ငံသားများစိတ်ချမ်းမြေ့စွာဖြင့် အောင်ဘာလေသိန်းဆုလက်မှတ်များ လွယ်ကူပြီးတော့ဈေးနှုန်းသက်သာစွာဝယ်ယူရရှိနိုင်ရေး၊ ပြည်ပဈေးကွက်မှာ နှစ်ပေါင်းကြာမြင့်စွာ လူနည်းစုကုမ္ပဏီအဖွဲ့အစည်းအချို့မှ ချုပ်ကိုင်ချယ်လှယ်၍ ၅၀ ရာခိုင်နှုန်းခန့် ဈေးနှုန်းမြှင့်တင်ရောင်းချနေမှုများပပျောက်နိုင်ရေးတို့အတွက် ရိုက်နှိပ်ဖြန်ချိရောင်းချပေးနေတဲ့ ကောင်းမွန်မှန်ကန်တဲ့စနစ်တစ်ခုကိုဘဏ္ဍာရေးဝန်ကြီးဌာနမှ ကျင့်သုံးရန်အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြင်းခြံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၀ ကျပ်တန် အောင်ဘာလေထီလက်မှတ်များကို ရန်ကုန်တိုင်းဒေသကြီးမှအပဖြစ်တဲ့ မြို့နယ်များအတွက် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှတစ်ဆင့် ထီရောင်းချလိုသူလုပ်ငန်းရှင်များကို ရောင်းချပေးလျက်ရှိပါတယ်။ ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်မှာရှိတဲ့ အောင်ဘာလေသိမ်းဆည်းဌာနခွဲရုံးမှာ ဗဟိုအရောင်းအဖြစ် ဖွင့်လှစ်ပေးထားပြီး Bank Payment Order စနစ်နဲ့ လျှောက်ထားသူဦးရေနဲ့ ဗဟိုအရောင်းမှရောင်းချပေးနိုင်မယ့် ထီအုပ်ရေပေါ်မူတည်ပြီး အချိုးကျခွဲဝေရောင်းချပေးလျက်ရှိပါတယ်။ ထီရောင်းရငွေရဲ့ ၄၀ ရာခိုင်နှုန်းကို နိုင်ငံတော်ကအခွန်အဖြစ်ရယူပြီးတော့ ကျန် ၆၀ ရာခိုင်နှုန်းကိုဆုမဲအဖြစ်ခွဲဝေပေးတဲ့စနစ်ကို ကျင့်သုံးဆောင်ရွက်နေတာဖြစ်ပါတယ်။ ထီလက်မှတ် ၁၁ စောင်ပါထီတစ်အုပ်လျှင် ကျပ် ၂၀၀၀ ဖြင့် ရောင်းချပေးလျက်ရှိရာမှာ လုပ်ငန်းရှင်များအနေနဲ့ ထီစာအုပ် တစ်အုပ်ကုန်စင်အောင် ရောင်းချနိုင်ပါကကျပ် ၂၂၀၀ ရရှိမှာဖြစ်တဲ့အတွက် ထီတစ်အုပ်ကို ကျပ် ၂၀၀ မြတ်စွန်းငွေရရှိမှာဖြစ်ပါတယ်။

ထီစာအုပ်ရောင်းချလိုသူများ၊ လစဉ်ထီထိုးလိုသူများအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးမှအပဖြစ်ပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှာ မိမိတို့ဝယ်ယူရောင်းချလိုတဲ့ ထီစာအုပ်အရေအတွက်ကိုဖော်ပြပြီး လျှောက်ထားနိုင်ပါတယ်။ ဝယ်ယူခွင့်ရရှိပါက ရရှိတဲ့ဘဏ္ဍာနှစ်တစ်နှစ်လုံးအတွက် လစဉ်ဝယ်ယူခွင့်ရရှိမှာဖြစ်ပါတယ်။ မိမိရောင်းချလိုတဲ့ လအတွက်သာ လျှောက်ထားဝယ်ယူခြင်းကို ခွင့်ပြုခြင်းမရှိပါကြောင်း ဖြေကြားလိုပါတယ်။ ထီလက်မှတ်များကို လုံခြုံရေးနဲ့ဆိုင်တဲ့ ပုံနှိပ်လုပ်ငန်းများစက်ရုံကို အမှာစာကြိုတင်ပေးပို့ ရိုက်နှိပ်ရတဲ့အတွက် ရောင်းချပေးနိုင်တဲ့ပမာဏအနေနဲ့ အကန့်အသတ်ရှိတဲ့အပြင် ထီရောင်းချသူလုပ်ငန်းရှင်များအနေနဲ့လည်း မိမိတို့ရဲ့ရောင်းအားကို မြှင့်တင်နိုင်ဖို့ မြို့နယ်အလိုက် အရောင်းကိုယ်စားလှယ်များ ထားရှိ၍လည်းကောင်း၊ မြို့နယ်အရောင်းကိုယ်စားလှယ်များမှတစ်ဆင့် ထီရောင်းဝယ်ခြင်းလုပ်ငန်းဖြင့် အသက်မွေးဝယ်ကျောင်းပြုနေသူများ၊ လက်ပွေ့လက်တွန်းလှည်းများဖြင့် ရောင်းချနေသူများသို့ အဆင့်ဆင့်ဖြန့်ဖြူးပြီး ထီဝါသနာရှင်များထံ

သို့ ရောင်းချပေးလျက်ရှိပါတယ်။ ထီလုပ်ငန်းရှင်များအနေနဲ့ မိမိတို့လုပ်ငန်းအမည်နဲ့ ထီစာအုပ်တွေဖြန့်ချီပေးပို့နိုင်ရေးအတွက် ကုန်ကျစရိတ်နှင့် ရောင်းမကုန်တဲ့ထီလက်မှတ်အရှုံးတွေကို ပြန်လည်ကာမိစေဖို့အတွက်ပါ တွက်ချက်ပြီးတော့မှ အမည်ကောင်းတန်ဖိုး Goodwill ကိုပါရောင်းဈေးမှာ ထည့်သွင်းရောင်းချနေကြခြင်းဖြစ်တဲ့အတွက် ထီလက်မှတ်တစ်စောင်မှာ ကျပ် ၂၀၀ ထက်ပိုမိုရောင်းချနေခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

မိမိတို့ရဲ့ ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ အထက်ပါအခြေအနေတွေကို ပြင်ဆင်နိုင်ဖို့အတွက် နိုင်ငံတကာမှာဆောင်ရွက်နေတဲ့ ကွန်ပျူတာသုံးထီစနစ် Computerized Lottery နှင့်ပတ်သက်ပြီးတော့ လေ့လာမှုများဆောင်ရွက်လျက်ရှိပြီးတော့ လုပ်ငန်းဆောင်ရွက်နိုင်စွမ်းရှိတဲ့ လုပ်ငန်းရှင်များမှလည်း လာရောက်ဆွေးနွေးမှုများပြုလုပ်လျက်ရှိနေပြီဖြစ်ပါတယ်။ ဒီစနစ်ပေါ်ပေါက်လာလို့ရှိရင် နိုင်ငံတော်အတွက်အခွန်ငွေပိုမိုရရှိစေတဲ့အပြင် ပြည်သူများအနေနဲ့ မိမိကံစမ်းလိုတဲ့ ထီအစောင်ရေကို ကန့်သတ်မှု၊ တန်ဖိုးတိုးမြှင့်မှုမရှိဘဲ လွတ်လပ်စွာရောင်းချပေးနိုင်မှာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ လစဉ်ရိုက်နှိပ်ဖြန့်ချိရောင်းချလျက်ရှိတဲ့ အောင်ဘာလေသိန်းဆုလက်မှတ် ပြင်ပရောင်းဈေးများ ၅၀ ရာခိုင်နှုန်းကြီးမြင့်နေမှုကို ပြုပြင်ဆောင်ရွက်သွားနိုင်မှာဖြစ်ပါကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မြို့နယ်ကို အခြေခံခြင်းထက်ဝန်ထမ်းများ ခက်ခဲကြမ်းတမ်းစွာ တာဝန်ထမ်းဆောင်နေကြရသောကျေးရွာများကိုလည်း ဝေးလံခေါင်သီဒေသအဖြစ်သတ်မှတ်ပြီး လစာ(၂)ဆခံစားခွင့်ရှိဒေသအဖြစ်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးပိုင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်ပြည်သူ့ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ဖြစ်ပါတယ်။ ကျွန်တော်တင်ပြ မေးမြန်းလိုတာကတော့ ကျွန်တော်တို့နိုင်ငံမှာ ဝေးလံခေါင်သီမြို့နယ်များအဖြစ်သတ်မှတ်ပြီးတော့ ဝန်ထမ်းများရဲ့လစာကို ၂ ဆပေးနေတဲ့ ကိစ္စနှင့်ပတ်သက်ပြီးတော့ တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်

တော်များခင်ဗျား။ ယနေ့ ကျွန်တော်တို့ လွှတ်တော်အသီးသီးပေါ်ပေါက်လာပြီးတဲ့နောက် အစိုးရသစ်လက်ထက်မှာ ၂ နှစ်သာကာလအတွင်း ဝန်ထမ်းများရဲ့လစာနဲ့ထောက်ပံ့ကြေး ၅၀၀၀၀ ကျပ်စီတိုးမြှင့်ပေးခဲ့မှုနဲ့ ကျွန်တော်တို့ဝေးလံခေါင်သီမြို့နယ်များမှ ဝန်ထမ်းများအားလစာ ၂ ဆစီခံစားစေခဲ့မှုများကို များစွာကြိုဆိုထောက်ခံအပ်ပါတယ်။ ကျွန်တော်သိလိုတာကတော့ မည်သည့်အခက်အခဲအခြေအနေမျိုးရှိတဲ့မြို့နယ်များကို ဝေးလံခေါင်သီမြို့နယ်များအဖြစ်သတ်မှတ်ပြီးတော့ လစာ ၂ ဆခံစားခွင့် သတ်မှတ်ထားတာပါလဲ။ လမ်းပန်းဆက်သွယ်မှုအခက်အခဲကို အခြေခံတာလား။ ၂၄ နာရီမီးရရှိမှု/ မရရှိမှုနဲ့သက်ဆိုင်တာလား။ တယ်လီဖုန်းဆက်သွယ်ရေးစနစ်နဲ့ သက်ဆိုင်တာလား။ တစ်ဦးချင်းဝင်ငွေ သတ်မှတ်ချက်၊ တင်ပြချက်တွေနဲ့ ပတ်သက်နေတာလား။ ပုံမှန်လစာသာ ခံစားခွင့်ရှိတဲ့မြို့နယ်များနဲ့ လစာ ၂ ဆရတဲ့ ဝေးလံခေါင်သီမြို့နယ်အဖြစ် သတ်မှတ်ခံရတဲ့မြို့နယ်များဟာ မည်ကဲ့သို့သောကွာခြားချက်ရှိတယ်ဆိုတာကို သိရှိလိုကြောင်း ဦးစွာတင်ပြမေးမြန်းလိုပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ဝန်းသိုမြို့နယ်မှာ ဝန်ထမ်းအများစုဟာ ပညာရေးဝန်ထမ်းများဖြစ်ကြတဲ့ ဆရာ ဆရာမများနဲ့ ကျန်းမာရေးဝန်ထမ်းများဖြစ်ကြတဲ့ သူနာပြုဆရာမ၊ သားဖွားဆရာမများသာဖြစ်ကြပါတယ်။ ကျွန်တော်တို့ ဝန်းသိုမြို့နယ်ဟာ ပုံမှန်လစာသာခံစားခွင့်ရှိတဲ့ မြို့နယ်သာဖြစ်ပြီးတော့ လစာ ၂ ဆခံစားခွင့်ရတဲ့ ဝေးလံခေါင်သီမြို့နယ်များအဖြစ် သတ်မှတ်ခံရတဲ့ ၂၄ နာရီမီးလင်းမှု၊ ဆက်သွယ်ရေးအခြေအနေ၊ တစ်ဦးချင်းဝင်ငွေတူညီမှုရှိတဲ့ ဗန်းမောက်မြို့နယ်၊ ပင်လည်ဘူးမြို့နယ်နှစ်မြို့နယ်နဲ့ နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နယ်မြေအခြေအနေချင်း၊ ဖွံ့ဖြိုးမှုချင်းအတူတူ ဝေးလံခေါင်သီမြို့နယ်အဖြစ်သတ်မှတ်ခံရတဲ့မြို့နယ်ရဲ့ ဝန်ထမ်းထက် ကျွန်တော်တို့မြို့နယ်မှ ဝန်ထမ်းများ၊ ဆရာဆရာမများတချို့ဟာ ပုံမှန်လစာသာရပြီးတော့ တောင်ပေါ်ဒေသကျေးလက်ရွာလေးတွေမှာ၊ မြို့နဲ့ဝေးကွာလှတဲ့ရွာလေးတွေမှာ နယ်နိမိတ်ချင်းဆက်စပ်နေတဲ့ လစာ ၂ ဆရတဲ့မြို့နယ်များမှ ဝန်ထမ်းများနည်းတူ ကျွန်တော်တို့ နယ်နိမိတ်ချင်းဆက်စပ်နေတဲ့ လစာ ၂ ဆရတဲ့မြို့နယ်တွေက ဝန်ထမ်းများနည်းတူ ချောင်းကလေးသာခြားပြီးတော့၊ မြောင်းကလေးသာခြားပြီးတော့၊ လယ်ကွက်ကလေးသာခြားပြီးတော့ ခံစားခွင့်မတူညီစွာနဲ့တာဝန်ထမ်းဆောင်နေကြရသလို လစာ ၂ ဆရတဲ့မြို့နယ်ဝန်ထမ်းများ၊ မြို့ပေါ်ပတ်ဝန်းကျင်မှ ဝန်ထမ်းများခက်ခဲကြမ်းတမ်းစွာ တာဝန်ထမ်းဆောင်နေရကြောင်း တင်ပြလိုပါတယ်။ ဒါ့ကြောင့် မြို့နယ်ကိုအခြေခံခြင်းထက် မြို့နယ်အလိုက် ခက်ခဲတဲ့ကျေးရွာများကို ဝေးလံခေါင်သီဒေသအဖြစ် သတ်မှတ်

ပြီးတော့ လစာ ၂ ဆခံစားခွင့်ရှိတဲ့ဒေသအဖြစ်၊ လစာ ၂ ဆခံစားခွင့်ရတဲ့ကျေးရွာအဖြစ် သတ်မှတ်ပေး ရန်အစီအစဉ် ရှိ/မရှိသိရှိလိုပါ ကြောင်း ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခုစစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ရဲ့ မေးခွန်းနဲ့စပ်လျဉ်း လို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ဖြေကြားသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်က ဝေးလံခေါင်သီလူမှုရေးခက်ခဲတဲ့ဒေသအဖြစ် သတ်မှတ်တဲ့နေရာမှာ မြို့နယ်၊ မြို့နယ်ခွဲကိုအခြေခံပြီး လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနဲ့ ကျန်းမာရေးစတဲ့ အခြေအနေအခက်အခဲများပေါ် ခြုံငုံသုံးသပ်ပြီး သတ်မှတ်ပေးခြင်းဖြစ်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းမှာရှိတဲ့ အချို့မြို့နယ်၊ မြို့နယ်ခွဲများမှာ လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း၊ ဒေသဖွံ့ဖြိုးမှုနည်းပါးခြင်း၊ နိုင်ငံတော်ရဲ့အရေးပါတဲ့ ဒေသထွက်ကုန်မရှိခြင်းတို့ကြောင့် ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုစီးပွားရေးအခက်အခဲများဖြစ်ပေါ်လျက်ရှိရာ အဆိုပါဒေသများမှာတာဝန်ထမ်းဆောင်လျက်ရှိတဲ့ ဝန်ထမ်းများရဲ့သက်သာချောင်ချိမှုကိုရှေးရှုပြီး စားဝတ်နေရေးအဆင်ပြေစေရေးအတွက် လစဉ်အပိုထောက်ပံ့ကြေး ၃၀၀၀၀ အပြင် လက်ရှိထုတ်ယူနေတဲ့ လစာနဲ့ညီမျှတဲ့ငွေကိုပါ ဒေသစရိတ်အဖြစ် ခံစားခွင့်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်များမှာရှိတဲ့ ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲတဲ့မြို့နယ်/မြို့နယ်ခွဲ ၈၇ ခုမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများကို ယခင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရဲ့ ၂၀၁၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၁/၂၀၁၂)ဖြင့် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်ပြီး လစာ ၂ ဆခံစားခွင့်ပြုခဲ့ပါတယ်။ အဲဒီအမိန့်ကြော်ငြာစာအရ စစ်ကိုင်းတိုင်းဒေသကြီးမှာ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်၊ မိုပိုင်းလွတ်မြို့နယ်ခွဲ၊ ထန်ပါခွေမြို့နယ်ခွဲ၊ ဒုံဟီးမြို့နယ်ခွဲ၊ ပန်ဆောင်မြို့နယ်ခွဲ၊ ပင်လယ်ဘူးမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ဟုမ္မလင်းမြို့နယ်နဲ့ ခန္တီးမြို့

နယ် စတဲ့ဒေသ ၁၁ ခုပါဝင်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဲ့ဒီလို ခံစားခွင့်ပြုပြီးနောက် ဝေးလံခေါင်သီပြီးတော့ လူမှုရေးခက်ခဲတဲ့ဒေသများမှာရှိတဲ့ဝန်ထမ်းများ ကျန်ရှိခြင်းမရှိစေရေးအတွက် ၂၀၁၂ ခုနှစ် စက်တင်ဘာလမှာ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ထပ်မံစိစစ်တင်ပြစေခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးက ဗန်းမောက်မြို့နယ်နဲ့ မြို့သစ်မြို့နယ်ခွဲ ၂ ခုအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များမှ စုစုပေါင်းဒေသ ၂၂ ခုကို ဝေးလံခေါင်သီတဲ့ဒေသအဖြစ်ထပ်မံသတ်မှတ်သင့်ကြောင်း တင်ပြခဲ့တဲ့အတွက် စုစုပေါင်းဒေသ ၁၀၉ ခုမှာတာဝန်ထမ်းဆောင်နေကြတဲ့ဝန်ထမ်းများအတွက် ဒေသစရိတ်ခံစားခွင့်များကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်ပြီး ခံစားခွင့်ပြုကြောင်း ယခင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရဲ့ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၈၆/၂၀၁၃) ဖြင့် ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှ ဝေးလံခေါင်သီတဲ့မြို့နယ်များအဖြစ် သတ်မှတ်ထားတဲ့ ပင်လယ်ဘူးမြို့နယ်က ဝန်းသိုမြို့နယ်ရဲ့အနောက်ဘက် ၃၉ မိုင် ၄ ဖာလုံခန့်နဲ့ ဗန်းမောက်မြို့နယ်က အင်းတော်မြို့နယ်ရဲ့ အနောက်ဘက်မိုင် ၄၀ ခန့်အကွာမှာတည်ရှိပြီး သွားလာရေးခက်ခဲတဲ့အတွက် ဝေးလံခေါင်သီတဲ့မြို့နယ်များအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။ ဝန်းသိုမြို့က မန္တလေးမြို့နဲ့ မီးရထားလမ်းဖြင့်လည်းကောင်း၊ မော်တော်ကားလမ်းဖြင့်လည်းကောင်း သွားလာနိုင်တဲ့မြို့ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဝန်းသိုမြို့နယ်နဲ့ မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများကိုလည်း ဝေးလံခေါင်သီဒေသအဖြစ် သတ်မှတ်ပြီး လစာ ၂ ဆခံစားခွင့်ရှိတဲ့ဒေသ/ကျေးရွာများအဖြစ် သတ်မှတ်ပေးရန်ကိစ္စနဲ့ပတ်သက်လို့ သက်ဆိုင်ရာစစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ သဘောထားမှတ်ချက်အရ မြို့နယ်အလိုက် ခက်ခဲတဲ့ကျေးရွာများကိုလည်း ဝေးလံခေါင်သီဒေသအဖြစ်သတ်မှတ်ပြီး လစာ ၂ ဆ ခံစားခွင့်ရှိတဲ့ ဒေသ/ကျေးရွာအဖြစ် သတ်မှတ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**စားကျက်မြေများကို ကိုယ်တိုင်ရှင်းလင်းခဲ့သည့် လယ်ယာမြေများတွင် အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်နေသည့် တောင်သူလယ်သမားများအား ဦးပိုင်အမည်ပေါက် လုပ်ကိုင်ခွင့်ပြုရန် နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ရွှေ(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကိုယ်ရဲ့ကျန်းမာခြင်းနဲ့ စိတ်ရဲ့ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ စားကျက်မြေများကို ကိုယ်တိုင်ရှင်လင်းခဲ့ပြီးတော့ လယ်ယာမြေများမှာ အမှန်တကယ်လုပ်ကိုင်လိုတဲ့ တောင်သူလယ်သမားများအား ဦးပိုင်မြေပေါက် လုပ်ကိုင်ခွင့်ပြုရန်ဆိုတဲ့ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ အဲ့ဒီမေးခွန်းကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့မှာ ကျွန်တော် စတင်မေးမြန်းခဲ့မှာ ဖြစ်ပါတယ်။ အဲ့ဒီမေးခွန်း မေးမြန်းထားတဲ့အချိန်မှာပဲ ဇူလိုင်လ ၁၁ ရက်နေ့မှာ ကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့အစီအစဉ်ကျင်းပနေတဲ့အချိန်အခါမှာ အစီအစဉ် ၁၂ ပါ လယ်ယာမြေနဲ့အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်တင်သွင်းတဲ့ အစီရင်ခံစာ အပိုဒ် ၁ နဲ့အပိုဒ် ၂ ကို အတည်ပြုဆွေးနွေးတဲ့လူပေါင်း ၄၅ ဦးအနက် ကျွန်တော်ဟာဆိုရင် အမှတ်စဉ် ၁၁ နဲ့ ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ အဲ့ဒီနောက်ပိုင်းမှာ တပ်ရင်းတပ်ဖွဲ့များကနေပြီးတော့ ဖြေရှင်းပေးခဲ့တဲ့အတွက် တောင်သူလယ်သမားများက တပ်ရင်းတပ်ဖွဲ့များကို ကျေးဇူးတင်လျက်ရှိပါတယ်။ သို့သော်လည်း အချို့သော ဌာနဆိုင်ရာများ၊ ကော်မတီများနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေဟာ အကြောင်းအမျိုးမျိုးပြပြီးတော့ အမှန်တကယ်လုပ်ကိုင်နေတဲ့ တောင်သူလယ်သမားများထံကနေပြီးတော့ သီးစားခတွေကိုရယူဆဲဖြစ်ပါတယ်။ ဒီကြားထဲမှာပဲ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၃) နဲ့ ဖွဲ့စည်းပေးခဲ့တဲ့ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းကလည်း စက်တင်ဘာလ ၁၈ ရက်နေ့မှာပြုလုပ်တဲ့ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၃)မှာ အမှာစကားပြောသွားရာမှာ နိုင်ငံရဲ့လူဦးရေ ၇၀ ရာခိုင်နှုန်းရှိတဲ့ တောင်သူလယ်သမားများ မှီခိုအသက်မွေးဝမ်းကြောင်းပြုနေရတဲ့ လယ်ယာမြေများနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရအနေနဲ့ အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ဆောင်ရွက်ပေးနေမှုများကိုလည်း ပြည်သူများကအသိပေးပြောကြားမည်ဖြစ်ပါကြောင်း မြန်မြန်ဆန်ဆန်နဲ့ မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသွားတာကိုတွေ့ရပါတယ်။ အဲ့ဒီတော့ အဲဒီ့မေးခွန်း အဖြေများပေါ်မှာပဲ ကြားထဲမှာ ပေါ်လာတဲ့ပြဿနာကြောင့် တစ်ဆက်တစ်စပ်တည်းမေးလိုတဲ့မေးခွန်းကတော့ တောင်သူ

လယ်သမားများဟာ လက်ရှိအခြေအနေအရ စက်မှုလယ်ယာကနေပြီးတော့ လက်မှုလယ်ယာကို ပီပီပြင်ပြင်မကူးပြောင်းနိုင်သေးတဲ့အချိန်ကာလမှာ ကျွဲ၊ နွားများကိုသာ အဓိကထားနေရဆဲပဲဖြစ်ပါတယ်။ တစ်ဖက်တစ်လမ်းကလည်း တစ်နိုင်တစ်ပိုင် ကျွဲ၊ နွား မွေးမြူရေးလုပ်ငန်းတွေကို မွေးမြူနေဆဲပဲဖြစ်ပါတယ်။ ကျွဲ၊ နွားစားကျက်တွေကိုလည်း အချို့ကျေးရွာတွေမှာဆိုရင် ဒီကုမ္ပဏီအနေတဲ့ အဖွဲ့အစည်းအချို့တွေကနေပြီးတော့ အကြောင်းအမျိုးမျိုးပြပြီးတော့ လုံးဝသိမ်းယူနေကြတဲ့အတွက် ကျွဲ၊ နွားပိုင်ရှင်များဟာ စားကျက်မရှိတဲ့အတွက် များစွာအခက်အခဲကြုံနေရပါတယ်။ အဲ့ဒီတောင်သူလယ်သမားတွေရဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော်တို့သိလိုတဲ့ဟာလေးတွေကို မေးမြန်းခွင့်ပြုလိုပါတယ်။ နောက် အဲ့ဒီလိုဖြစ်ရတဲ့အကြောင်းအရာတွေကိုပြန်ပြီးတော့ ကြည့်လိုက်တဲ့အခါကျတော့ ဒီပယ်ဖျက်ရတဲ့အကြောင်းတွေကို ကြည့်လိုက်တဲ့အခါကျတော့ ကျွန်တော်တို့မြို့နယ်မှာဆိုရင် စားကျက်ဧကပေါင်းကဆိုရင် ၁၃၈၃ ပယ်ဖျက်ခဲ့ကြောင်းတွေ့ရပါတယ်။ အဲ့ဒါစတင်ပယ်ဖျက်တာကတော့ ၁၉၉၀ ကနေပြီးတော့ ၂၀၀၇ ခုနှစ် ၁၇ နှစ်တာကာလဖြစ်ပါတယ်။ ပယ်ဖျက်ရတဲ့အကြောင်းအရင်းတွေကို ပြန်ကြည့်လိုက်တော့လည်း ဘာတွေတွေ့ရလည်းဆိုတော့ ကျောင်း၊ ဆေးရုံတွေဆောက်တယ်။ ဒါတွေကတော့ မဖြစ်မနေအားလုံးလည်းကျေနပ်ကြပါတယ်။ တပ်ရင်းတပ်ဖွဲ့များရဲ့စိုက်ပျိုးမြေအဖြစ် အကောင်အထည်ဖော်ဖို့၊ တပ်ရင်းတပ်ဖွဲ့နဲ့ဌာနဆိုင်ရာ ဝန်ထမ်းတပ်သားချောင်ချိစေဖို့၊ တပ်ရင်းတပ်ဖွဲ့တွေကတော့ အခုဟာ ပြန်ပြီးဆင်းသွားတဲ့အတွက် ပြဿနာမရှိတော့ပါဘူး။ ဒါပေမယ့် ကုမ္ပဏီတွေနဲ့ ပုဂ္ဂလိကဌာနဆိုင်ရာတွေကတော့ ကျန်ပါသေးတယ်။ အဲ့ဒီတော့ အခုချိန်မှာဆိုရင် နိုင်ငံတော်ကနေပြီးတော့လည်းပဲ လစာတွေ၊ ဝန်ထမ်းလစာတွေကို ထိုက်ထိုက်တန်တန်တိုးပေးပြီးပါပြီ။ ဒါကြောင့်မို့လို ဝန်ထမ်းသက်သာပြီး တောင်သူလယ်သမားတွေ မသက်မသာဖြစ်နေရတဲ့ကိစ္စတွေ၊ ကုမ္ပဏီနဲ့ပုဂ္ဂလိကများက တောင်သူလယ်သမားတွေကို သီးစားချပြီးတော့ အကျိုးစီးပွားရှာနေတဲ့ကိစ္စတွေ ဟာဆိုလို့ရှိရင် အခုအခါမှာ နိုင်ငံတော်ကဆောင်ရွက်နေတဲ့ ကျေးလက်ဖွံ့ဖြိုးရေးကို ထိခိုက်နစ်နာနေစေပါတယ်။ အဲ့ဒီတော့ ဒါ့ကြောင့် အကြောင်းအမျိုးမျိုးပြပြီးဆောင်ရွက်နေသည့်တိုင်အောင် ကျွန်တော်တို့ အခုချိန်ထိ ဗဟုသုတနည်းပြီးတော့ ရုံးမြေကနားနဲ့မနီးစပ်တဲ့ တောင်သူလယ်သမားများဟာဆိုလို့ရှိရင် မူလအခွင့်အရေး ကျွဲ၊ နွားများရဲ့ဒုက္ခကိုရှိနေတဲ့ ပုဂ္ဂိုလ်အသီးသီးဟာ မိမိတို့လုပ်ကိုင်ခွင့်အပ်နှင်းခံရတဲ့အချိန်မှာဆိုလို့ရှိရင် လုပ်ကိုင်ခွင့်ရှိထားတဲ့ပုဂ္ဂိုလ်တွေကနေပြီးတော့ ဆောင်ရွက်ပေးသင့်ပါတယ်။ တောင်သူလယ်သမားများဟာဆိုလို့ရှိရင် ရုံးမြေကနားပြောရမှာ သူတို့အင်မတန်ကြောက်ပါတယ်။ အဲ့ဒီတော့ ရုံးမြေကနာတာဝန်ရှိတဲ့လူတွေကလည်း အခုထက်ထိ သူတို့ကိုအသိ

အမှတ်မပြုကြပါဘူး။ သာဓကလေးတစ်ခုပြောရရင် အစတုန်းက ကျွန်တော်တို့ ပဒေသရာဇ်ခေတ်မှာ တောင်မှ ရွာတစ်ရွာမှာ ပုဏ္ဏားကြီးတစ်ယောက်ဟာ သူဟာ နွားလေးနှစ်ကောင်နဲ့ အလုပ်လုပ်တဲ့အခါ ကျတော့ နွားတစ်ကောင်သေသွားတဲ့အခါကျတော့ သူ့သားက ဘုရင့်အတိုင်ပင်ခံဖြစ်တော့ သားရယ် ငါ့ကို နွားတစ်ကောင် လောက်တောင်းပေးပါလို့ပြောတယ်။ ပြောတဲ့အခါကျတော့ သားကလည်း ပညာရှိတော့ ကျွန်တော်တောင်းလို့မသင့်တော်ဘူး။ အဖေက အသက်ကြီးရွယ်အို အဖေသွားတောင်း လိုက်ရင်ရပါတယ်။ ဘုရင်ကြီးက သဘောကောင်းပါတယ်။ စေတနာလည်းကောင်းပါတယ်။ ညာတာ တတ်ပါတယ်။ အေး ဒါဆိုရင်လည်း သွားတောင်းမယ်ဆိုပြီးတော့ ညီလာခံလည်းသွားရော အကျဉ်းချုပ်ပြောရရင် ပုဏ္ဏားကြီးခစားတဲ့အခါ ကျတော့ ဘုရင်ကြီးက ပုဏ္ဏားကြီးဘာကိစ္စရှိလို့လဲ။ မှန်လှပါ။ ကျွန်တော်မျိုးမှာ နွားနှစ်ကောင်ရှိပါတယ်။ နွားနှစ်ကောင်နဲ့အလုပ်လုပ်ရပါတယ်။ နွားတစ် ကောင်သေသွားပါတယ်ခင်ဗျား။ ဒါဆိုရင် ဘုရင်ကြီးကမေးတယ်။ အဲ့ဒီနွားတစ်ကောင်ကို ငါကဘာလုပ် ရမှာလဲ။ အရှင်မင်းကြီးသိမ်းယူတော်မူပါဘုရားလို့ပြောတယ်။ အဲ့ဒီတော့ သူလိုချင်တာကတော့ နွားတစ်ကောင် သူကလိုချင်တာ။ ဒါပေမယ့် ကြောက်ကြောက်လန့်လန့်နဲ့ ကျန်တဲ့နွားတစ် ကောင်ကိုပါ သိမ်းယူပါလို့ပြောတတ်တဲ့အကျင့်ဟာဆိုရင် ဟိုကတည်းကိုက တောသူတောင်သားတွေကရိုးသား တယ်၊ ကြောက်တတ်တဲ့တောသူတောင်သားတွေဖြစ်တဲ့အတိုင်းပဲ အခုအခါလည်းပဲ ဒီအတိုင်းပဲ ရုံးမြေကနားရောက်လို့ သူတို့ကိုဥပဒေနဲ့၊ စည်းကမ်းနဲ့၊ အထောက်အထားတွေနဲ့မေးမယ်ဆိုလို့ရှိရင် သူတို့ကိုယ့်အခွင့်အရေးကိုလည်း မပြောတတ်ကြရှာပါဘူး။ ဒါကြောင့်မို့လို့ အဲဒီလိုပဲ ဒါကြောင့်မို့လို့ သက်ဆိုင်ရာတာဝန်ရှိသူများအနေနဲ့ကလည်း တချို့က ဥပဒေကိုခုတုံးလုပ်ပြီးတော့ အစဉ်အဆက် အခွင့်အရေးယူခဲ့သေးတဲ့သူ ရှိကောင်းရှိနိုင်ပါတယ်။ အဲဒါတွေကို ကျွန်တော်တို့ အခုခေတ်အခါမှာဆို လို့ရှိရင် တာဝန်ရှိတဲ့ပုဂ္ဂိုလ်အနေနဲ့က ဒါတွေကိုဖယ်ရှားဖို့လည်းလိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဟာ ပြည်သူများ၊ တောင်သူလယ်သမားများရဲ့ကိုယ်စား လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးကတစ်ဆင့် သက်ဆိုင်ရာကိုမေးမြန်းလိုတာက-

မေးခွန်း(၁)အနေနဲ့က စားကျက်မြေများကို ကိုယ်တိုင်ရှင်းလင်းပြီး သီးစားခပေး၍ လယ်ယာ စိုက်ပျိုးနေကြရတဲ့ တောင်သူလယ်သမားများရဲ့သိလိုသော စားကျက်မြေများကို ကိုယ်တိုင်ရှင်းလင်း ခဲ့ရသည့် လယ်မြေများတွင်အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်နေသည့် တောင်သူလယ်သမားများအား ဦးပိုင်အမည်ပေါက်လုပ်ကိုင်ခွင့်ပြုရန်အစီအစဉ်ရှိ/မရှိ။ နံပါတ်(၂)မေးခွန်း ကုမ္ပဏီများနဲ့အဖွဲ့အစည်း များက အကြောင်းအမျိုးမျိုးပြပြီးတော့ သိမ်းယူထားတဲ့စားကျက်မြေများကို မူလအတိုင်း စားကျက်မြေ

များအဖြစ် ပြန်လည်သတ်မှတ်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ တောင်သူလယ်သမားများ သိရှိလိုပါတဲ့အတွက် လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးကတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေရဲ့ မေးမြန်းချက်နှင့်ပတ်သက်လို့ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်မှ မူလစားကျက်မြေ ၁၅၈၄၀ ဧက ရှိတဲ့နေရာမှာ ၁၉၉၀ ခုနှစ်မှ စပြီးတော့ စိုက်ပျိုးမြေတိုးချဲ့ ဖော်ထုတ်ခဲ့ရာ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ မိုးစပါးတိုးချဲ့ စိုက်ပျိုးရေးစီမံချက်ဧက သိန်း ၃၀ ပြည့်မီရေးနဲ့ အညီ ရှာဖွေဖော်ထုတ်ခဲ့ရာမှ စားကျက်မြေ ၈၃၀၈ ဧကကို စားကျက်မြေမှ ပယ်ဖျက်ခွင့်ပြုပြီး လယ်မြေလုပ်ပိုင်ခွင့်ပြုခဲ့မည်ဖြစ်ပါတယ်။ ပယ်ဖျက်ပြီးစားကျက်မြေဧက ၈၃၀၈ ဧကမှာ တောင်သူလယ်သမားများကိုယ်တိုင်စိုက်ပျိုးလုပ်ကိုင်တဲ့ဧက ၄၈၆၂.၈၆ ဧက၊ တပ်ရင်း/ တပ်ဖွဲ့ ၁၅ ဖွဲ့မှ ၂၁၈၄.၅၆ ဧက၊ ဌာနဆိုင်ရာ ၇ ခုမှ ၁၀၅၅.၅၈ ဧက၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ၂၀၅.၀၀ဧက ပါဝင်ပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်းများရဲ့ အမည်ပေါက်မရမီက အဲ့ဒီစားကျက်မြေများမှာ မည်သူမှစိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသေးသော်လည်း စားကျက်မြေပယ်ဖျက်ခွင့်ရပြီး လုပ်ကိုင်ခွင့်ရရှိတဲ့အချိန်ကစပြီး တပ်ရင်း/တပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့အစည်းများက ဒေသခံတောင်သူများနဲ့ ၁ နှစ် ၁ ရာသီစာချုပ်စနစ်ဖြင့် အကျိုးတူဖက်စပ်လုပ်ကိုင်ခဲ့ရာ နှစ်စဉ်သက်သာချောင်ချိရေးအတွက် အခကြေးငွေ သို့မဟုတ် စပါးစသည်တို့ကို တောင်သူလယ်သမားများကပေးဆောင်ပြီး စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့တင်ပြချက်အရ သိရှိရပါတယ်။ သို့ဖြစ်ပါ၍ စားကျက်မြေအဖြစ်မှပယ်ဖျက်ခွင့်ရပြီးလယ်ယာမြေများကို အကျိုးတူဖက်စပ်လုပ်ကိုင်နေတဲ့ တောင်သူလယ်သမားများက ဦးပိုင်အမည်ပေါက်ရရှိလိုပါက တောင်သူလယ်သမားများအနေနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အသင်းအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီးသဘောတူ ခွင့်ပြုချက်ရယူပြီးလျှင် လယ်ယာမြေဥပဒေပုဒ်မ ၇ နဲ့ ၈ တို့အရ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးရေး

ကိုလုပ်ထုံလုပ်နည်း၊ ဥပဒေနဲ့အညီဆက်လက်ဆောင်ရွက်ပေးနိုင်မှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ရခိုင်ပြည်နယ်တွင်ဆောင်ရွက်လုပ်ကိုင်နေကြသည့် NGO,INGO အဖွဲ့အစည်းများ၏ အကြောင်းအရာများကို သိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ် ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်စောဝေဖြစ်ပါတယ်။ ရိုသေလေးစားရပါသော ဒုတိယဥက္ကဋ္ဌကြီးရှင်။ ရခိုင်ပြည်နယ် မြို့နယ်များအတွင်း NGO,INGO နဲ့အချို့အဖွဲ့အစည်းများသည် အထူးသဖြင့်ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တော၊ဘူးသီးတောင်မြို့နယ်များမှာ နှစ်ပေါင်းကြာမြင့်စွာလူ့အဖွဲ့အစည်းများအတွင် ဝင်ရောက်လှုပ်ရှားလျက်ရှိခဲ့ကြ၊ ရှိနေဆဲဖြစ်ပါတယ်။ UNHC အဖွဲ့အစည်းဟာ ၁၉၇၈-၁၉၇၉ ခုနှစ်မှယခုအချိန်အထိနှစ်ပေါင်း ၃၅ နှစ်ကျော်ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်နေတာကိုလည်းလေ့လာတွေ့ရှိရပါတယ်။ နှစ်ပေါင်း ၃၅ နှစ်အတွင်းမှာ လုပ်ကိုင်ခဲ့တဲ့အပေါ်ကိုကြည့်ပြီး ကျွန်မတို့ရဲ့ ရခိုင်ပြည်နယ်အပေါ်ကောင်းကျိုး၊ ဆိုကျိုးများကို ကျွန်မတို့ရဲ့ရခိုင်ပြည်နယ်အနေနဲ့ ဘာမှလည်းသိရှိခွင့်လည်းမရရှိခဲ့ပါဘူးရှင်။ ရခိုင်ပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်အစိုးရအဖွဲ့အစည်းများသာမက တခြားအကူအညီပေးနိုင်တဲ့ NGO အဖွဲ့အစည်းများကပါပါဝင်ကူညီလုပ်ဆောင်မှုလိုအပ်ပါတယ်လို့ ကျွန်မတို့အနေနဲ့ လည်းနားလည်ပါတယ်။ သို့ရာတွင် အချို့သော NGO အဖွဲ့အစည်းများအနေဖြင့် လူမှုရေးလုပ်ငန်းများထက် ကျော်လွန်ပြီးတော့ မလိုလားအပ်တဲ့ ပဋိပက္ခများဖြစ်ပေါ်ခဲ့တဲ့ ဖြစ်စဉ်များတွင် ၎င်း NGOအဖွဲ့အစည်းများမှ ဝန်ထမ်းအချို့ ပါဝင်ပတ်သတ်ခဲ့ကြောင်းကို သက်ဆိုင်ရာမှဖော်ထုတ်နိုင်ခဲ့ပြီးတော့ အရေးယူအပြစ်ပေးခံရတဲ့အထိ ရှိခဲ့ပါတယ်။ ယခုအခါမှ ကျွန်မတို့ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်ခဲ့တဲ့ ပဋိပက္ခများကို အကြောင်းပြုပြီးတော့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတစ်ခုမှ လူသားချင်းစာနာမှုကို အကြောင်းပြု၍ လူ့အခွင့်အရေးများနှင့်ဆက်စပ်ပြီးဟောကြားသင်ကြားပို့ချနေတာကိုလည်း ပြင်ပသတင်းများအရ သိရှိနေရပါတယ်ရှင်။ ကျွန်မတို့ရဲ့ ရခိုင်ပြည်နယ်မှာ ဝင်ရောက်လှုပ်ရှားလျက်ရှိကြတဲ့ NGO,INGO များကို အထူးကြပ်မတ်စိစစ်ပြီးမှသာ လုပ်ကိုင်ဆောင်ရွက်ပေးသင့်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို ဒုတိယဥက္ကဋ္ဌမှတစ်ဆင့်မေးမြန်းအပ်ပါတယ်ရှင်။ နံပါတ်(၁)ရခိုင်ပြည်နယ်အတွင်း ပါဝင်ဆောင်ရွက်နေကြ

သော NGO,INGO အဖွဲ့အစည်းအရေအတွက်မည်မျှရှိပါသလဲ။ နံပါတ်(၂) ၎င်းအဖွဲ့အစည်းများကို မည်သည့်စည်းကမ်းချက်များနှင့်စိစစ်၍ မည်သည့်ဝန်ကြီးဌာနမှ ခွင့်ပြုချက်ပေးပါသလဲ။ နံပါတ်(၃) ၎င်းအဖွဲ့အစည်းများ၏ အချိန်ကာလသတ်တမ်းကို ဘယ်လိုသတ်မှတ်ပြီးဘယ်လောက် လုပ်ကိုင်ခွင့်ပေးပါသလဲ။ နံပါတ်(၄) ၎င်းအဖွဲ့အစည်းများကို ကိုင်တွယ်သုံးစွဲနေသော ဘတ်ဂျတ်ငွေအသုံးစရိတ်များကို လာရာအခြေခံအရင်းအမြစ်များနှင့်လားရာများကို စုံစမ်းစိစစ်မှုရှိပါသလား။ နံပါတ်(၅) လက်ရှိလူသားချင်းစာနာမှုလုပ်နေတဲ့ အဖွဲ့အစည်းအချို့ဟာ လူ့အခွင့်အရေးများကို အကြောင်းပြု၍ ဆောင်ရွက်လုပ်ကိုင်ပတ်သက်နေမှုများအပေါ် စိစစ်စစ်ဆေးမှုများရှိပါသလား။ ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့မေးခွန်းနှင့် ပတ်သက်လို့ ကျွန်တော်မှဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်နေ့မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၈၈ နဲ့ ပြဋ္ဌာန်းခဲ့တဲ့ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေကို ကိုင်တွယ်ကျင့်သုံးပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါတည်ဆဲဥပဒေနဲ့အညီ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့ NGO (၄၆၁)သင်း၊ နိုင်ငံတကာအစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့ INGO (၆၈) သင်း၊ စုစုပေါင်း (၅၂၉) သင်းကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့သဘောတူညီချက်ဖြင့်ဖွဲ့စည်းမှတ်ပုံတင်ခွင့်ပြုခဲ့ပါတယ်။

ပထမမေးခွန်းနှင့်စပ်လျဉ်းလို့ အဆိုပါအဖွဲ့အစည်းခွင့်ပြုခဲ့တဲ့ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့ NGO (၄၆၁)သင်းအနက်ရခိုင်ပြည်နယ်မှာ NGO (၄)သင်းရှိပြီး အဲ့ဒီအသင်းအဖွဲ့များအနေနဲ့ လူမှုရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်းထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများနဲ့ နာရေးကူညီမှုလုပ်ငန်းများဆောင်ရွက်ရန်ခွင့်ပြုခြင်းဖြစ်ပါတယ်။ အလားတူ မှတ်ပုံတင်ခွင့်ပြုထားတဲ့ INGO (၆၈) သင်းအနက် ရခိုင်ပြည်နယ်မှာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကလေးသူငယ် ကာကွယ်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ၊ ရေကောင်းရေသန့်ရရှိရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်

ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်ခွင့်ပြုထားတဲ့ INGO (၁၃)သင်းရှိပါတယ်။ တရားဝင်မှတ်ပုံတင်ခွင့်ရရှိရေးဆောင်ရွက် နေစဉ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ ထောက်ခံချက်နဲ့ INGO(၂)သင်းကလည်း ဆောင်ရွက် လျက်ရှိရာ ရခိုင်ပြည်နယ်မှာစုစုပေါင်း INGO(၁၅)သင်းရှိပါတယ်။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်းလို့ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ NGO,INGO များက မြန်မာနိုင်ငံမှာဆောင်ရွက်လိုတဲ့ လုပ်ငန်းများနှင့်ပတ်သက်လို့ လုပ်ငန်းအဆိုပြုချက်၊ အခြေခံသဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာမူကြမ်းများကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ အဆိုပြုတင်ပြပြီး မိတ္တူကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့ရပါတယ်။ အဲ့ဒီအဆိုပြုချက်များကို အမျိုးသားစီမံကိန်းနှင့်စီးပွာရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ရဲ့ သဘောထားမှတ်ချက်များကို ရယူပြီးနိုင်ငံခြားရေးရာမူဝါဒကော်မတီ၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကော်မတီနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့တို့ရဲ့ သဘောတူညီချက်ဖြင့် ဖွဲ့စည်းခွင့်ပြုပေးလျက်ရှိပါတယ်။ တတိယမေးခွန်းနှင့်စပ်လျဉ်းလို့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့က ဖွဲ့စည်းမှတ်ပုံတင်ခွင့်ပြုတဲ့ အသင်းအဖွဲ့များကို လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် ပြက္ခဒိန်နှစ်သက်တမ်း ၅နှစ်သတ်မှတ်ပေးထားပါတယ်။ စတုတ္ထမေးခွန်းနှင့်စပ်လျဉ်းလို့ INGO အဖွဲ့အစည်းများရဲ့ အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းများအပေါ် ငွေကြေးသုံးစွဲမှုများနှင့်စပ်လျဉ်းလို့ သက်ဆိုင်ရာဝန်ကြီးဌာနက နားလည်မှုစာချွန်လွှာရေးထိုးစဉ်ကပါရှိတဲ့ ငွေကြေးဆိုင်ရာသဘောတူညီချက်များအရလည်းကောင်း၊ ရရှိလာတဲ့ရန်ပုံငွေ(နိုင်ငံခြားငွေ)များကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှာ ငွေစာရင်းဖွင့်လှစ်ပြီး ရန်ပုံငွေခွဲဝေသုံးစွဲခြင်းဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများက INGO များနှင့် ကြိုတင်ညှိနှိုင်း၍လည်းကောင်းဆောင်ရွက်လျက်ရှိပါသည်။ ဖွဲ့စည်းခွင့်ပြုထားတဲ့ NGO,INGO အသင်းအဖွဲ့များအနေနဲ့ရန်ပုံငွေရရှိသုံးစွဲစနစ်တကျ ဖြစ်စေရန်နှင့် အခြားမလိုအပ်တဲ့ တရားမဝင်ငွေကြေးရရှိမှုမရှိစေရန်အတွက် အသင်းအဖွဲ့များက တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ အသင်းအဖွဲ့များရဲ့ငွေစာရင်းရှင်းတမ်းကို လစဉ်တင်ပြရပါတယ်။ NGO အသင်းအဖွဲ့များအနေဖြင့် မိမိတို့ဆောင်ရွက်တဲ့ လုပ်ငန်းစီမံချက်များနှင့်စပ်လျဉ်း၍ လစဉ်အစီရင်ခံစာများနှင့် လေးလတစ်ကြိမ် အစီရင်ခံစာများကို

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနဲ့ အသင်းအဖွဲ့များဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့သို့ အစီရင်ခံတင်ပြရတဲ့နည်းတူ INGO များအနေဖြင့်လည်း ဆောင်ရွက်တဲ့ လုပ်ငန်းစီမံချက်များနှင့်စပ်လျဉ်း၍ လစဉ်အစီရင်ခံစာများနှင့် ၃ လတစ်ကြိမ် အစီရင်ခံစာများကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့သို့ ပေးပို့ဆောင်ရွက်ရတာဖြစ်ပါတယ်။ ပဉ္စမ မေးခွန်းနှင့်စပ်လျဉ်းလို့ NGO,INGO အဖွဲ့များအနေနဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ စနစ်တကျနဲ့ အဆင်ပြေချောမွေ့စေရေးအတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ထုတ်ပြန်တဲ့လုပ်ငန်းလမ်းညွှန်ပါ စည်းကမ်းချက်များနှင့်အညီ ကိုက်ညီမှုရှိ/မရှိ၊ နားလည်းမှုစာချွန်လွှာစာချုပ်ပါ သဘောတူညီချက်များနှင့် ကိုက်ညီမှုရှိ/မရှိတို့ကို သက်ဆိုင်ရာဝန်ကြီးများနဲ့ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက ထိန်းသိမ်းကြပ်မတ်စိစစ်ဆောင်ရွက် လျက်ရှိပါကြောင်းနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်ကိုဖောက်ဖျက်ပါက ထိရောက်သောအရေးယူမှုများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ မေးခွန်းလေးမေးချင်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့အခုသိရတဲ့အခါတော့ NGO တွေဟာရခိုင်ပြည်နယ် ဘက်မှာလည်းအခု ဒုတိယဝန်ကြီးရှင်းပြတာကိုလည်း ကျေးဇူးတင်ပါတယ်။ ၆၀ ကျော်တွေရှိတာကိုလည်းကျွန်မတွေကိုပါတယ်။ ဒါပေမယ့်ကျွန်မတို့တိုင်းရင်းသားများ မိသားစုဆွေးနွေးပွဲဆိုပြီးတော့ ကျွန်မတို့ရဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအပါအဝင်ဒုတိယဥက္ကဋ္ဌလည်းတက်ရောက်ပါတယ်။ အဲ့ဒီအချိန်မှာကျွန်မတို့ ရခိုင်ပြည်နယ်ဘက်က ပြောသွားတာက NGOတွေဟာ စပါးနီးပါးလောက်တာရှိနေတယ်လို့တင်ပြသွားကြပါတယ်။ အဲ့ဒီအတွက်ကြောင့်ကျွန်မအနေနဲ့လည်း စိစစ်ပေးစေချင်ပါတယ်။ ပြီးတော့ဒီအခုခေတ်က ပွင့်လင်းမြင်သာမှုရှိတဲ့ ခေတ်ဖြစ်တဲ့အတွက်ဒီ NGO,INGO တွေရဲ့ လုပ်ဆောင်ချက်တွေအကျိုးသက်ရောက်မှုတွေ၊ ဆိုးကျိုးသက်ရောက်မှုတွေကိုလည်း ကျွန်မတို့ရခိုင်ပြည်သူပြည်သားတွေကို ချပြလို့များရလို့ရှိရင်တော့ချပြစေချင်ပါတယ်။ အဲ့ဒါလေးတစ်ချပ်ကျွန်မမေးချင်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ရခိုင်ပြည်နယ်မှာ ဆောင်ရွက်နေတဲ့ NGO,INGO တွေအနေနဲ့ ကျွန်တော်တို့စောစောကတင်ပြခဲ့သလိုပဲ INGO ၆၈ သင်းအနက်မှာ ၁၃ သင်းဆောင်ရွက်ပြီးတော့မှ မှတ်ပုံတင်ဆဲ ၂ သင်းအပါအဝင် ၁၅ သင်းရှိပါတယ်။

NGO ကတော့ ၄ သင်းရှိပါတယ်။ ဒီဆောင်ရွက်နေတဲ့အသင်းတွေရဲ့ အသင်းနံမည်စာရင်းတွေလည်းကျွန်တော်တို့ဆီမှာအသေးစိတ်မှတ်တမ်းတင်ထားရှိတာရှိပါတယ်။ အဲ့ဒီတော့စောစောကတင်ပြတဲ့ ကျွန်တော်တို့ NGO,INGOတွေရဲ့ဆောင်ရွက်မှုနဲ့ပတ်သက်ပြီးတော့မှ သက်ဆိုင်ရာမြို့နယ်၊ခရိုင်၊တိုင်းတွေမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွေမှာလည်း သူတို့ရဲ့ လစဉ်ဆောင်ရွက်ချက်နဲ့ ၃ လတစ်ကြိမ် ၄ လတစ်ကြိမ် ဆောင်ရွက်ချက်အစီရင်ခံစာများလည်းရှိပြီးဖြစ်တဲ့အတွက် သက်ဆိုင်ရာသိရှိလိုတဲ့ အဖွဲ့အစည်းအတွေအနေနဲ့ ဒီမြို့နယ်ခရိုင်၊ တိုင်း၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာများနဲ့ဆက်သွယ်ပြီးတော့ မေးမြန်းဆောင်ရွက်နိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်မှသတ်မှတ်ထားသောရှေးဟောင်းဇုန်များနှင့်လယ်ယာမြေများပေါ်သို့မတိုးချဲ့ရေးအတွက် Future Plan ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကြိုင်(ညောင်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီးများ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ လေ့လာသူများကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ စေကြောင်းဆုတောင်းမေတ္တာပို့ သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းဟာတစ်နိုင်ငံလုံးနဲ့သက်ဆိုင်တဲ့မေးခွန်းဖြစ်ပါတယ်။ မြို့များကျေးရွာများနိုင်ငံအတွင်းမှာ တိုးချဲ့ရာတွင်လယ်ယာ မြေများနှင့်ရှေ့ဟောင်းဇုန်များကိုကျူးကျော်ခြင်းမရှိစေရန်ဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ လူဦးရေတိုးလာသည့်အတွက်လွန်ခဲ့သောနှစ် ၁၉၀ ခန့် ကုန်းဘောင်ခေတ် ဘကြီးတော်လက်ထက် စာတမ်းများစစ်တမ်းများအရ လူဦးရေ ၈ သန်း၊ လွန်ခဲ့သောနှစ် ၆၀ခန့်က ၁၆သန်း၊ ယနေ့ သန်း ၆၀ ကျော်နေပါပြီ။ နောက်နှစ် ၅၀ ရှိလျင်သန်း ၁၀၀ ခန့်ရှိလာမည်ဖြစ်ပါတယ်။ အဲ့ဒီလိုလူဦးရေတိုးလာသော်လည်းလယ်ယာမြေများမှာတိုးလာခြင်းမရှိပါဘူး။ ယနေ့တစ်နိုင်ငံလုံးတွင်စိုက်ပျိုးနိုင်တဲ့ မြေဧကသန်း ၂၀ သန်းကျော်သာရှိပါတယ်။ လူဦးရေတိုးလာသည်နှင့်အမျှ အိမ်ထောင်စုအသစ်များအတွက် အိမ်များတိုးလာမည်ဖြစ်ပါသည်။ ယခုတွင်ပင်အချို့ကျေးရွာများဟာ အိမ်းများပြည့်ကျပ်လာပြီဖြစ်၍ မဖြစ်မနေတိုးချဲ့ရန်များရှိနေပါတယ်။ အဲ့ဒီလိုမြို့များရွာများတိုးချဲ့လာလျင်နိုင်ငံတော်မှ သတ်မှတ်ထားသောရှေးဟောင်းဇုန်များနှင့်စိုက်ပျိုးမြေလယ်ယာမြေများပေါ်သို့ မတိုးချဲ့ရေးအတွက် မည်ကဲ့သို့ အစီအမံ

များ FuturePlan ရှိ/မရှိ။ တောင်သူလယ်သမားများအတွက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်ရဲ့ မေးခွန်းနှင့်စပ်လျဉ်းလို့ ကျွန်တော်မှဖြေကြားသွားမှာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေ ပုဒ်မ ၃၀ ပုဒ်မခွဲ(က)မှာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေကိုအခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်ဟုလည်းကောင်း၊ ပုဒ်မ ၃၀ ပုဒ်မခွဲ(ခ)မှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေကိုအခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့်ခွင့်ပြုနိုင်သည်ဟုလည်းကောင်း၊ အများပြည်သူအကျိုးငှာ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန်လျှောက်ထားချက်နှင့်စပ်လျဉ်းလို့ ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။

ယဉ်ကျေးမှုဝန်ကြီးဌာနက ၁၉၉၈ ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ ယဉ်ကျေးမှုအမွေအနှစ်ဒေသ ၄၆ ခုကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့်ဒေသများအဖြစ် သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် လောလောဆယ် မြို့ပြဧရိယာများမှာ လူနေအိမ်အဆောက်အဦများ တည်ဆောက်ခွင့်ကို ၂ ထပ် ပေ ၃၀ အမြင့်လို့ ကန့်သတ်ထားရာမှ ၃ ထပ် ပေ ၄၀ အမြင့်အထိ လျှော့ပေါ့ပေးပြီး တစ်ဖက်ကလည်း ယဉ်ကျေးမှုဇုန်ရဲ့ မြင်ကွင်းဖုံးကွယ်မှုမရှိစေရန်နဲ့ ထိခိုက်မှုမရှိစေရန် စီစဉ်ထားကြောင်း သိရှိရပါတယ်။ မြို့/ရွာများတိုးချဲ့ရန် မြို့ပြစီမံကိန်းရေးဆွဲခြင်းများရှိလာပါက ၁၉၉၈ ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၁၇ မှာပါတဲ့ (က) ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏မြင်ကွင်းကို ထိခိုက်ပျက်စီးစေနိုင်ခြင်းရှိ/မရှိ၊ (ခ) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာနှင့် လွတ်ကင်းခြင်းရှိ/မရှိ၊ (ဂ) ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကို အဟန့်

အတား၊ အနှောင့်အယှက်ဖြစ်နိုင်ခြင်းရှိ/မရှိ၊ (ဃ) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏ ထည်ဝါခန့်ညားမှုကို ထိခိုက်စေနိုင်ခြင်းရှိ/မရှိ၊ (င) ယဉ်ကျေးမှုအမွေအနှစ်များ၏လုံခြုံမှုကို ထိခိုက်စေနိုင်ခြင်းရှိ/မရှိ၊ (စ) ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေနိုင်ခြင်းရှိ/မရှိဆိုတဲ့ ပြဋ္ဌာန်းချက်များကို အခြေခံစိစစ်ပြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်မယ့် ဝန်ကြီးဌာနများနဲ့ ပူးပေါင်းကာ သဘောထားကို ပြန်ကြားဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း သိရှိရပါတယ်။

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနကလည်း နိုင်ငံတော်အစိုးရရဲ့ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းရေးဥပဒေများနဲ့ စည်းကမ်းသတ်မှတ်ချက်များကို ယဉ်ကျေးမှုအမွေအနှစ် ဒေသသတ်မှတ်ထားတဲ့ ဇုန်နယ်မြေများအတွင်း သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ဂေါပကအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်များနှင့် ပြည်သူများသိရှိအောင်ဖြန့်ဝေခြင်း၊ ရှင်းလင်းဟောပြောခြင်းများကို အခါအားလျော်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း နိုင်ငံတော်မှ သတ်မှတ်ပေးထားတဲ့ ရှေးဟောင်းဇုန်များနှင့် လယ်ယာမြေများပေါ်သို့ မတိုးချဲ့စေရေးအတွက် ရှေးဟောင်းဇုန်နယ်နိမိတ် သတ်မှတ်ချက်ကို တိကျစွာလိုက်နာစေခြင်း၊ ၎င်းနယ်နိမိတ်အတွင်း ကျူးကျော်ခြင်းမရှိစေရန် သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများက ရပ်ကွက်/ကျေးရွာများအထိကွင်းဆင်းပြီး အသိပညာပေးဟောပြောခြင်း၊ စည်းကမ်းမဲ့ ကျူးကျော်ဝင်ရောက်နေထိုင်လုပ်ကိုင်သူများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းများဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့်မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်းမှာရှိတဲ့မြို့၊ ရွာများတိုးချဲ့ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော်က သတ်မှတ်ထားတဲ့ရှေးဟောင်းဇုန်များနှင့် လယ်ယာမြေများအပေါ် ကျူးကျော်ခြင်းမရှိစေရန်အတွက် နောင်တိုးပွားလာမယ့် လူဦးရေ

အတွက် လယ်ယာမြေကို အနည်းဆုံးထိခိုက်စေမယ့် Town Plan, Village Plan နှစ် ၃၀ မြို့ပြစီမံကိန်းရေးဆွဲခြင်း၊ မြေသုံးစွဲမှုသက်သာစေရန်အတွက် မြို့ပြများမှာ အလျားလိုက်တိုးချဲ့ခြင်းအစား ဒေါင်လိုက်တိုးချဲ့ခြင်းစနစ်ဖြင့် တိုးပွားလာမယ့်လူဦးရေအတွက် အထပ်မြင့်အဆောက်အဦများဆောက်လုပ်ခြင်းများကို ဆောင်ရွက်သွားနိုင်မှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မြောင်မြို့နယ်အတွက် အရေးတကြီး လိုအပ်နေသည့် မီးသတ်ကားတစ်စီးရရှိရေးအတွက် မည်ကဲ့သို့စီစဉ်ထားကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအုန်းငွေ(မြောင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဖိတ်ကြား၍တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းခရိုင်၊ မြောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့မြောင်မြို့နယ်ရဲ့ အဓိကလိုအပ်နေတဲ့ မီးပေးကြိုတင်ကာကွယ်ရေးအတွက် မြောင်မြို့နယ်မှာ လက်ရှိရှိတဲ့ ၃ ယူနစ်မီးသတ်တပ်ဖွဲ့မှာ မီးသတ်ကား ၂ စီးရှိပါတယ်။ အဲဒီမီးသတ်ကား ၂ စီးကလည်း အမည်ခံလိုဖြစ်နေပါတယ်။ တစ်စီးက ၁၉၇၅ ခုနှစ် လမ်းစဉ်ပါတီကာလက ဟီးနိုးကားဖရိန်ကိုဝယ်ပြီးတော့ ဒေသအစီအစဉ်နဲ့ ကန်ရိုက်ပြီးတော့ တင်ထားတဲ့ရေသယ်ကားတစ်စီးဖြစ်ပြီး၊ နောက်တစ်စီးကတော့ ၂၀၀၉ ခုနှစ်က စစ်ကိုင်းတိုင်းဒေသကြီးရဲ့အစီအစဉ်နဲ့ မြို့နယ်အတွင်းရှိ ကျေးရွာများမှပိုင်းဝန်းထည့်ဝင် စုဆောင်းငွေနဲ့ဝယ်ယူထားတဲ့ ရေဂါလံ ၁၁၀၀ ခန့်ပြည်တွင်းစက်မှုဇုန်ထုတ် မီးသတ်ကားတစ်စီးဖြစ်ပါတယ်။ အဲ့တော့ ရှိတဲ့မီးသတ်ကားတွေ ဟာ နွေရာသီရောက်လာရင် မီးလောင်တဲ့ဒေသကိုသွားတဲ့အခါမှာ အမြဲတမ်း လမ်းမှာတစ်ခါနဲ့နှစ်ခါ မပြတ်ဘဲမရှိပါဘူး။ မြောင်မီးသတ်ကားရဲ့ နာမည်ကြီးနေတဲ့အခြေအနေပါ။ အဲ့တော့ အဲဒီလိုအနေအထားမှာ နီးစပ်ရာမြင်းမူတို့၊ ချောင်းဦးတို့လှမ်းပြီးတော့ အကူအညီတောင်းပြီး သက်ဆိုင်ရာကူညီလာတဲ့ ကားတွေရောက်လာမှ မီးကိုနိုင်နိုင်နင်းနင်းငြိမ်းသတ်နိုင်တဲ့ အနေအထားရှိပါတယ်။ အဲ့ဒါကြောင့် ကျွန်တော့်အနေနဲ့ မြောင်မြို့နယ်မှာ မလွဲမသွေလိုအပ်နေတဲ့မီးသတ်ကား ၁ စီးရရှိရေးအတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက မည်ကဲ့သို့စီစဉ်ပေးထားကြောင်းနဲ့ ဘယ်အချိန်

ဘယ်ကာလမှာ ဆောင်ရွက်ပေးနိုင်မယ်ဆိုတာ သိရှိလိုပါကြောင်း မိဘပြည်သူများကိုယ်စား ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေရဲ့ မေးခွန်းနဲ့ စပ်လျဉ်းလို့ ကျွန်တော်မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်မှာ မြို့ပေါ် ၄ ရပ်ကွက်၊ အိမ်ခြေ ၁၇၇၉ လုံး၊ အိမ်ထောင်စု ၁၉၅၀ စု၊ လူဦးရေ ၉၀၃၀ ဦး၊ ဌာနဆိုင်ရာ အဆောက်အဦ ၃၁ လုံး၊ စက်ရုံအလုပ်ရုံ ၇ လုံး ရှိပါတယ်။ အဲ့ဒီမြို့နယ်အတွင်းမှာ ဆယ်နှစ်အတွင်း မီးလောင်မှု ၂၁ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ် ၄၉၈၉၀၀၀ ခန့်ဆုံးရှုံးခဲ့ပါတယ်။ မြောင်မြို့နယ် မီးသတ်တပ်ဖွဲ့ကို လက်ရှိ ၃ ယူနစ်အဆင့်ဖွဲ့စည်းပုံခွင့်ပြုထားရှိရာ စခန်းတာဝန်ခံအပါအဝင် တပ်ဖွဲ့ဝင် ၈ ဦး၊ အေရိုးလပ်မီးသတ်ယာဉ် ၁ စီး၊ ဟီးနိုးကေအမ်မီးသတ်ယာဉ် ၁ စီး၊ စုစုပေါင်း မီးငြိမ်းသတ်ယာဉ် ၂ စီးနဲ့ အပေါ့စားမီးသတ်စက် ၁ လုံးနဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀၁ ဦးတို့နဲ့ မြောင်မြို့နယ်ရဲ့ မီးဘေးကြိုတင်ကာကွယ်ရေးနဲ့ မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်က လက်ရှိ ၃ ယူနစ်အဆင့် ဖွဲ့စည်းပုံခွင့်ပြုထားတဲ့ အတွက် ဖွဲ့စည်းပုံအရ မီးသတ်ယာဉ် ၃ စီး ထားရှိရမှာဖြစ်ပြီး ယူနစ်သတ်မှတ်ချက်ပြည့်မီစေရန် အတွက် ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ မီးသတ်ယာဉ် ၁ စီးဖြည့်ဆည်းပေးရန် ဘဏ္ဍာငွေခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါတယ်။ ခွင့်ပြုရန်ပုံငွေနဲ့ မီးသတ်ယာဉ်ဝယ်ယူရေး စီမံဆောင်ရွက်လျက်ရှိရာ ဝယ်ယူပြီးပါက မီးသတ်ယာဉ် ၁ စီးကို ၂ လခန့်အတွင်းမှာ ထုတ်ပေးသွားနိုင်မှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဇေ့နောင်ရွာကို မြေလွတ်မြေရိုင်းဟု သတ်မှတ်နိုင်ပါသလား၊ သတ်မှတ်နိုင်ပါလျှင် မြေယာစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းသန်းနိုင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်ဝန်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့်ရဲ့မဲဆန္ဒနယ် ရွာတစ်ရွာက မဲဆန္ဒရှင်ရွာသူ/ရွာသားများကိုယ်စား မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မေးမြန်းချက်များဟာ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ဌာနအဖွဲ့အစည်းကိုမျှ ထိခိုက်နစ်နာစေလိုခြင်း အလျဉ်းမရှိပါကြောင်းနှင့် မိမိတို့အနေနဲ့ အမှန်တကယ်နစ်နာခံစားခဲ့ကြရကြောင်းကို ရင်ဖွင့်တင်ပြလာကြတဲ့ ရွာသူ/ရွာသားများ အတွက် ဖြေပြေစရာအဖြေတစ်ခုခုကို ကြားသိရလိမ့်မယ်လို့ မျှော်လင့်ရင်းနဲ့မေးခွန်းများ မေးမြန်းရခြင်းဖြစ်ပါတယ်လို့ ပဏာမအနေနဲ့တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ် ကျွန်တော့်ရဲ့ဇာတိမြို့နဲ့ ၂ မိုင်လောက်ဝေးတဲ့နေရာမှာ ဝေ့နောင်ဆိုတဲ့ ရွာလေးတစ်ရွာရှိပါတယ်။ အိမ်ခြေ ၄၀ ခန့်ရှိပြီးတော့ ဒေသခံကယားလူမျိုးများနေထိုင်တဲ့ တစ်ရွာတည်းသော ရွာဖြစ်လို့ ကရင်နေရွာလို့လည်း ကျွန်တော်တို့ဒေသကခေါ်ကြပါတယ်။ အဲဒီရွာမှာ မူလတန်းကျောင်းတစ်ကျောင်းနှင့် ရွာဦးဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ စေတီတစ်ဆူတည်ရှိပါတယ်။ ၁၉၇၂ ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ပြန်တမ်းမှာလည်း အမည်ပေါက်ခဲ့တဲ့ ရွာတစ်ရွာဖြစ်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ၁၉၉၁ ခုနှစ်လောက် အဲဒီရွာမြေအားလုံးကို တပ်ပိုင်မြေအဖြစ်နဲ့ သိမ်းယူရာမှာ ပြည်ထဲရေးဝန်ကြီးဌာနကပဲ မြေလွတ်မြေရိုင်းအဖြစ်ဖော်ပြပြီးတော့ ကာကွယ်ရေးဝန်ကြီးဌာနကို အခမဲ့လွှဲပြောင်းပေးခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။

မြေလွတ်မြေရိုင်းဖြစ်ဖော်ပြခြင်း၊ လွှဲပြောင်းပေးခြင်းခံလိုက်ရတဲ့အတွက် ရွာသူ/ရွာသားများအနေနဲ့ မည်သည့်မြေလျော်ကြေး၊ မည်သည့်ပြောင်းရွှေ့ကြေး၊ မည်သည့်နစ်နာကြေးမျှ ရရှိခဲ့ခြင်းမရှိဘဲနဲ့ မိမိတို့ပိုင်ဆိုင်တဲ့ ချောင်းကမ်းနဘေးမှာရှိတဲ့ မြေနိမ့်မှာရှိတဲ့ ယာခင်း၊ ကိုင်းခင်းထဲမှာသွားပြီးတော့ အိမ်ရာတည်ဆောက်ပြီးတော့ နေထိုင်ခဲ့ကြရပါတယ်။ တစ်နှစ်တစ်ခါ မိုးကြီးတဲ့အခါမှာ ချောင်းရေလျှံတက်လာလို့ ရေပြည့်နေရတဲ့ဒုက္ခကို အခုနှစ်တိုင်အောင်ခံစားနေကြရဆဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ရွာသားတစ်ဦးက ကျွန်တော့်ကိုရင်ဖွင့်တင်ပြပါတယ်။ ကျွန်တော်တို့က လူစင်စစ်ကနေပြီးတော့ မိုးအခါမှာဆိုလို့ရှိရင် မြုပ်တစ်ခါပေါ်တစ်လှည့်နဲ့ ပုရစ်ဘဝကိုရောက်နေကြရပါတယ်လို့ ပြောလာပါတယ်။

အဲဒီခံစားချက်နဲ့တင်ပြလာတဲ့ ရွာသူ/ရွာသားများရဲ့ကိုယ်စား အောက်ပါမေးခွန်းများကို လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

မေးခွန်း(၁) ရှေးနှစ်ပေါင်းများစွာကတည်းက ဒေသခံပြည်သူများ ကျေးရွာတည်ထောင်နေထိုင် လျက်ရှိပြီး ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁၉၇၂ ခုနှစ် ပြန်တမ်းမှာလည်း အမည်ပေါက်လျက်ရှိနေတဲ့ ဝေ့နောင်ရွာကို မြေလွတ်မြေရိုင်းဟုသတ်မှတ်နိုင်ပါသလား။ မေးခွန်း(၂) သတ်မှတ်နိုင်ပါလျှင် ယင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ မြေယာစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ မည်သို့ရှိသည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြမေးမြန်း အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်ရဲ့ မေးခွန်းနှင့် စပ်လျဉ်းလို့ ကျွန်တော်မှရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ ဖာပွန် ခရိုင်၊ ဖာပွန်မြို့နယ် မဲသလွတ်ကျေးရွာအုပ်စုမှာရှိတဲ့ ဝေ့နောင်ကျေးရွာက ယခင်ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနရဲ့ ၁၉၇၄ ခုနှစ်၊ ဧပြီလ ၁၇ ရက်စွဲပါစာအမှတ်၊ ၃/၂၁၅/ အထ(၂) ဖြင့် ထုတ်ပြန်ထားတဲ့ အမိန့်ကြော်ငြာစာအရ ရှေ့နောင်ကျေးရွာအဖြစ် အမည်ပေါက်တဲ့ကျေးရွာဖြစ်ပါတယ်။ မြေစာရင်းဦးစီး ဌာနရဲ့မှတ်တမ်းများအရ ယခင်က နယ်မြေလုံခြုံရေးအခြေအနေကြောင့် ကွင်းဖွဲ့တိုင်းတာနိုင်ခြင်းမရှိ တဲ့အတွက် ရှေ့နောင်ကျေးရွာ (ဝေ့နောင်ကျေးရွာ) မြေအဖြစ် စာရင်းဖော်ပြထားခြင်းမရှိဘဲ မြေလွတ်၊ မြေရိုင်းအဖြစ်သာ စာရင်းပြုစုသတ်မှတ်ထားကြောင်း တွေ့ရှိရပါတယ်။

ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ကာကွယ်ရေးဝန်ကြီးဌာနကို လွှဲပြောင်းပေး ထားတယ်ဆိုတဲ့ အထောက်အထားတော့ ကျွန်တော်တို့ဆီမှာ ရှာဖွေတွေ့ရှိရခြင်းမရှိပါဘူး။ ဒီရှေ့နောင် ကျေးရွာဟာ လက်ရှိအခြေအနေမှာ ပြည်ထဲရေးဝန်ကြီးဌာန အမည်ပေါက်ကျေးရွာစာရင်းမှာ ပါဝင် ပါတယ်။ သို့သော် မြေလွတ်၊ မြေလပ်၊ မြေရိုင်းအမျိုးအစား သတ်မှတ်ထားတဲ့မြေကို ကျေးရွာမြေအဖြစ်

ပြန်လည်သတ်မှတ်ရန်အတွက်  မြေလွတ်၊ မြေလပ်၊ မြေရိုင်းစာရင်းမှ ပယ်ဖျက်ရမှာဖြစ်ပါတယ်။ အဲ့ဒီလို ပယ်ဖျက်ခွင့်ရရှိရေးအတွက် ဖာပွန်မြို့နယ် မြေစာရင်းဦးစီးဌာနက ကျေးရွာမြေအဖြစ် သတ်မှတ်အသုံးပြုမယ့် မြေဧရိယာကို ကွင်းဆင်းတိုင်းတာစစ်ဆေး၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအဖြစ် ပယ်ဖျက်ခွင့်ရရှိရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ကနေတစ်ဆင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်ပြီး ကျေးရွာမြေဧရိယာအား မြေစာရင်းဦးစီးဌာန၏ မှတ်တမ်းမှာ ရေးသွင်းမှတ်သားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးစိုင်းသန်းနိုင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကိုဆက်စပ်မေးခွန်းများကို မေးမြန်းခွင့်ပြုစေလိုပါတယ်ခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဖြေသွားတဲ့ထဲမှာ ကျွန်တော်တို့ ဒီရွာမြေကို မြေလွတ်၊ မြေရိုင်းအဖြစ် လွှဲပြောင်းပေးအပ်ကြောင်း အထောက်အထားမရှိဘူးလို့ ပြောပါတယ်။ ဒါကိုကျွန်တော်က လယ်ယာမြေသိမ်းဆည်းရေး အဲ့ဒီကော်မရှင်မှာ ကျွန်တော်က အဖွဲ့ ၉ မှာ အဖွဲ့ဝင် ဖြစ်ပါတယ်။ အဲဒီ့မှာ ကျွန်တော်တို့ အဖွဲ့သွားရောက်စစ်ဆေးတဲ့အခါမှာ တပ်ပိုင်းဆိုင်ရာတင်ပြတဲ့ သူ့ရဲ့တင်ပြစာထဲမှာဆိုလို့ရှိရင် အဲ့လိုမြေလွတ်၊ မြေရိုင်းကိုဖော်ပြပြီးတော့ လွှဲပြောင်းထားရတဲ့အထောက်အထားတွေ တွေ့ရှိရပါတယ်။ ဒါကိုပဲ ကျွန်တော်က အဲဒီ့မြို့နယ်ထွေ/အုပ်ရုံးမှာရှိတဲ့  အထွေထွေအုပ်စုဌာနက တာဝန်ရှိတဲ့လူကို အဲ့ဒါနဲ့ ပတ်သက်ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနကထုတ်ပြန်တဲ့ ပြန်တမ်းများရှိပါသလားခင်ဗျားလို့၊ ကျွန်တော့်ကိုပြကြည့်ပါလို့။ အဲဒီ့မှာ ရွာမြေတွေ့တယ်။ တွေ့တဲ့အခါကျတော့ အဲ့ဒါကိုကျွန်တော်တို့တွေ့သလို ရွာသူ/ရွာသားတွေလည်းတွေ့တဲ့အခါကျတော့ အဲ့မေးခွန်းဖြစ်ပေါ်ရခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ အဲဒီ့မှာရှိတဲ့ ရှေ့နောင်ရွာဆိုတာ ကျွန်တော်တို့ Typists အမှားလို့ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ အဲဒီ့ပြန်တမ်းတွေမှာ ဒီမက်သရွတ်ရွာနဲ့ တံခွန်တိုင်ရွာကြားထဲမှာ ရှေ့နောင်ရွာလို့ဖော်ပြထားပြီးတော့ မြေပြင်မှာကျတော့ ငှေနောင်ရွာဖြစ်နေပါတယ်။ ကျွန်တော်တို့ဆီရဲ့ဒေသအရကတော့ တိုင်းရင်းသားအမည်နာမတွေရဲ့ရွာကို ကျေးရွာနာမည်ဖွဲ့ထားတဲ့အခါကျတော့ ရိုက်တာတွေအလွဲအချော်ဖြစ်နိုင်ပါတယ်။ ဒါနဂိုကတည်းကရှိတဲ့ရွာတွေ ဖြစ်နေပါတယ်။ နယ်မြေလုံခြုံရေးအခြေအနေအရလို့ ပြောမယ်ဆိုလို့ရှိရင် ခုနတုန်းကပြောတဲ့ ငှေနောင်ရွာဆိုတာ ကျွန်တော်တို့မြို့နယ်မှာ အခြေစိုက်တပ်ရင်းဖြစ်တဲ့ (ခလရ-၁၇)နဲ့ တစ်မိုင်ပဲဝေးပါတယ်။ ကားလမ်းမကြီးဘေးမှာ ကပ်လျှက်ရှိနေပါတယ်။ လွတ်လပ်ရေးမရမီနှစ်ပေါင်းရာချီပြီးတော့ တည်ရှိလာတဲ့ရွာဖြစ်

တယ်။ အိမ်ခြေက ၄၀ ပဲရှိတယ်။ တပ်နဲ့လည်းကပ်လျှက်ရှိတယ်။ ဒါကိုလုံခြုံရေးအခြေအနေအရ စစ်ဆေးတိုင်းတာခြင်း မပြုနိုင်ဘူးဆိုတာ အကြောင်းပြချက်ဟာ ခိုင်လုံမှုမရှိဘူးလို့ ကျွန်တော်ထင်ပါတယ်။

ကျွန်တော်တို့ စစ်ဆေးတိုင်းထွာခြင်းမပြုလုပ်ခဲ့တာလို့ပဲ ကျွန်တော်က ထင်မြင်ယူဆမိပါတယ်။ အခုလောလောဆယ်မှာတော့ အဲဒီရွာတစ်ရွာပဲ အမှန်တကယ်နစ်နာခဲ့ပါတယ်။ လက်ရှိအခြေအနေ နစ်နာနေဆဲလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်ဝန်ကြီးကို ဆက်စပ်မေးခွန်းမေးချင်တာကတော့ ပြန်တမ်းထဲမှာပါရှိနေတဲ့ ရွှေနောင်ရွာဟာ ဝေ့နောင်ရွာလို့ယူဆရင်မှန်ပါသလား။ နံပါတ် ၂ အနေနဲ့ အဲဒီ ဝေ့နောင်ရွာသူ/ရွာသားများဟာ အမှန်တကယ်နစ်နာဆုံးရှုံးခဲ့တယ်ဆိုရင် ဝန်ကြီးအနေနဲ့ လက်ခံသဘောတူနိုင်ပါသလား။ လက်ခံသဘောတူတယ်ဆိုလို့ရှိရင် ဝန်ကြီးအနေနဲ့ အဲဒီရွာသူ/ရွာသားတွေအတွက် ဘယ်လိုများကူညီဆောင်ရွက်ပေးနိုင်မယ်ဆိုတာကို သိရှိလိုပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှ တစ်ဆင့်ထပ်ဆင့်မေး ခွန်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဖာပွန်ခရိုင်၊ ဖာပွန်မြို့၊ ကမာမောင်မြို့ ကျေးရွာအုပ်စုထဲမှာ မဲသလွတ်ကျေးရွာအုပ်စုမှာ မဲသလွတ်ရွာ၊ ကလက်ကိုင်းရွာ၊ ရွှေနောင်ရွာ၊ နေပူခံရွာ၊ ပန္ဒယ်ပူရွာ၊ မော်ပုရွာ၊ မဲသရူကီးရွာဆိုပြီးတော့ ဒီကျေးရွာတွေပါဝင်တယ်ဆိုပြီးတော့ ကျွန်တော်တို့ စာရင်းတွေအရ သတ်မှတ်ထားပါတယ်။ ဒါကြောင့်မို့လို့ ဒီရွှေနောင်ရွာဆိုတာ ယခု လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ခွေနောင်ရွာအဖြစ်ပဲ ကျွန်တော့်အနေနဲ့တော့ ယူဆထားတာဖြစ်ပါတယ်။ နောက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးတဲ့မေးခွန်းထဲမှာလည်း ဒါယခင်တင်ပြတဲ့ မေးခွန်းထဲမှာတော့ ကာကွယ်ရေးဝန်ကြီးဌာနကို လွှဲပြောင်းထားတယ်ဆိုတာကို ပါရှိခြင်းမရှိပါဘူး။ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို မေးမြန်းထားတဲ့ ဖြစ်စဉ်တွေမှာလည်း ဒါကိုတင်ပြထားတာမရှိပါဘူး။ အဲဒီတော့ ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ နေရာနဲ့ ကျွန်တော်တို့ ဖြေဆိုတဲ့နေရာဟာ မြေပြင်မှာကွဲလွဲမှုများရှိနိုင်သလား။ ဒါကိုတော့ ကျွန်တော်တို့ ပြန်လည်စိစစ်ပြီးတော့မှ တင်ပြမှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**အင်းမ မီးသတ်စခန်းတွင် ရေတွင်း၊ ရေစင်၊ ရေကန်များ တည်ဆောက်ပေးရန်၊ ဆင်မြီးဆွဲ၊ ပုတီးကုန်း၊ သဲကုန်းမီးသတ်စခန်းတွင် ရေစုပ်စက်များဖြည့်ဆည်းပေးရန်နှင့် ဝက်ပုတ်၊ ဆင်မြီးဆွဲ မီးသတ်စခန်းတွင်မီးသတ်ကားတစ်စီးဝယ်ယူရန် မည်သို့စီစဉ်ပေးမည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင်ကိုယ်စား နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်းဦး(နတ်တလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဦးဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်ရဲ့ ကိုယ်စား မေးမြန်းမှာ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မီးသတ်တပ်ဖွဲ့နှင့် ပတ်သက်တဲ့မေးခွန်းဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၁) အင်းမမီးသတ်စခန်းတွင် ရေစက်၊ ရေစင်၊ ရေကန်များတည်ဆောက်ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ/မရှိ။ မေးခွန်းနံပါတ်(၂) ဆင်မြီးဆွဲ၊ ပုတီးကုန်း၊ သဲကုန်းမီးသတ်စခန်းတွင် လိုအပ်နေသော ရေစုပ်စက်များ ထပ်မံဖြည့်ဆည်းပေးရန် အစီ အစဉ်ရှိ/မရှိ။ မေးခွန်းနံပါတ်(၃) ဝက်ပုတ်၊ ဆင်မြီးဆွဲမီးသတ်စခန်းများတွင် မီးသတ်ကား သို့မဟုတ် အသေးစား ရေသယ်ယာဉ်ရရှိရေးအတွက် မည်သို့စီစဉ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

[ဦးစိုးအောင်၊ သဲကုန်းမဲဆန္ဒနယ်ကိုယ်စား ဦးရဲထွန်းဦး၊ နတ်တလင်းမဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်ရဲ့ မေးခွန်းနှင့်စပ်လျဉ်းလို့ ကျွန်တော်မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်မှာ မြို့ပေါ်ရပ်ကွက် ၄ ရပ်ကွက်၊ အိမ်ခြေ ၁၈၀၀ လုံး၊ အိမ်ထောင်စု ၁၉၄၉ စု၊ လူဦးရေ ၇၉၅၂ ဦး၊ ဌာနဆိုင်ရာအဆောက်အဦ ၃၂ လုံးရှိပါသည်။ အဆိုပါမြို့နယ်မှာ ၁၀ နှစ်အတွင်း မီးလောင်မှု ၄ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ် ၆၅၄၅၀၀ ကျပ် ဆုံးရှုံးခဲ့ပါသည်။ သဲကုန်းမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းဟာ ၃ ယူနစ်အဆင့် ဖွဲ့စည်းပြီး ခွင့်ပြုထားရှိတဲ့ ဒုတိယမီးသတ်ဦးစီးမှူး ၁ ဦး၊ မီးသတ်တပ်ကြပ် ၁ ဦး၊ မီးသတ်ဒုတပ်ကြပ် ၃ ဦး၊ မီးသတ်တပ်သား ၄ ဦး စုစုပေါင်း တပ်ဖွဲ့ဝင်အင်အား ၁၀ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၄၇ ဦး၊ ဗွီအိပ်ချ်မီးသတ်ရေသယ်ယာဉ် ၁ စီး၊ အေရိုးလပ်မီးသတ်ယာဉ် ၁ စီး၊ ၁၉၉၄ ခုနှစ်မှာ ပြည်သူလူထုက လှူဒါန်းတဲ့ တီအီးမီးငြိမ်းသတ်ယာဉ် ၁ စီး စုစုပေါင်း မီးသတ်ယာဉ် ၃ စီး၊ ဌာနပိုင်အပေါ့စားမီးသတ်စက် ၂ လုံးရှိပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ် ပုတီးကုန်းမြို့မှာ မြို့ပေါ်ရပ်ကွက် ၂ ရပ်ကွက်၊ အိမ်ခြေ ၁၉၃၃ လုံး၊ အိမ်ထောင်စု ၂၀၀၃ စု၊ လူဦးရေ ၈၀၄၃ ဦး၊ ဌာနဆိုင်ရာအဆောက်အဦ ၁၀ လုံးရှိပါတယ်။ ၁၀ နှစ်အတွင်းမှာ မီးလောင်မှု ၃ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးကျပ် ၆၃၀၆၀၀၀ ခန့်ဆုံးရှုံးခဲ့ပါတယ်။ ပုတီးကုန်းအရန်မီးသတ်စခန်းမှာ အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၈၇ ဦး၊ ဗွီအိပ်ချ်မီးသတ်ရေသယ်ယာဉ် ၁ စီး၊ ချက်ပလက်မီးသတ်ရေသယ်ယာဉ် ၁ စီး၊ ဟီးနိုးမီးငြိမ်းသတ်ယာဉ် ၁ စီး စုစုပေါင်း မီးသတ်ယာဉ် ၃ စီး၊ ဌာနပိုင်အပေါ့စားမီးသတ်စက် ၁ လုံး၊ ကိုယ့်အားကိုယ်ကိုး အပေါ့စားမီးသတ်စက် ၂ လုံး ရှိပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ် အင်းမတိုက်နယ်မှာ အိမ်ခြေ ၁၆၈၉ လုံး၊ အိမ်ထောင်စု ၁၇၈၉ စု၊ လူဦးရေ ၅၈၂၁ ဦး၊ အခြေခံပညာအထက်တန်းကျောင်း ၂ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၁ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၃၁ ကျောင်းနှင့် တိုက်နယ်ဆေးရုံတစ်ခုရှိပါတယ်။ အဆိုပါတိုက်နယ်မှာ ၁၀ နှစ်အတွင်း မီးလောင်မှု ၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးကျပ် ၁၃၂၀၀ ခန့်ဆုံးရှုံးခဲ့ပါသည်။ အင်းမအရန်မီးသတ်စခန်းမှာ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၄၆ ဦး၊ တိုယိုတာမီးငြိမ်းသတ်ယာဉ် ၁ စီး၊ ဌာနပိုင်အပေါ့စားမီးသတ်စက် ၂ လုံးရှိပါတယ်။ အင်းမတိုက်နယ်က ပေါင်းတည်မြို့နဲ့ ၁၁ မိုင်ကွာဝေးပြီး ရန်ကုန်-ပြည် ကားလမ်းမကြီးဘေးမှာတည်ရှိပါတယ်။ အရေးပေါ် မီးလောင်မှုဖြစ်ပွားလာပါက ပေါင်းတည်မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် ၃ စီးက အချိန်တို အတွင်း ရောက်ရှိပြီး မီးငြိမ်းသတ်နိုင်မှာဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ် ဆင်မြီးဆွဲတိုက်နယ်မှာ အိမ်ခြေ ၈၃၈ လုံး၊ အိမ်ထောင်စု ၈၅၈ စု၊ လူဦးရေ ၃၁၇၀ ဦးရှိပါတယ်။ အဆိုပါတိုက်နယ်မှာ ၁၀ နှစ်အတွင်း မီးလောင်မှုတစ်ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးကျပ် ၅၀၀၀၀ ဆုံးရှုံးခဲ့ပါတယ်။ ဆင်မြီးဆွဲအရန်မီးသတ်စခန်းမှာ အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၃၅ ဦးရှိပါတယ်။ ဆင်မြီးဆွဲတိုက်နယ်က သဲကုန်းမြို့နှင့် ၉ မိုင်သာကွာဝေးပြီး သဲကုန်း-ပြည် ကတ္တရာလမ်းမကြီးဘေးမှာတည်ရှိပါတယ်။ အရေးပေါ်မီးလောင်မှု ဖြစ်ပွားပါက သဲကုန်းမြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်ယာဉ် ၃ စီးက အချိန်တိုအတွင်း ရောက်ရှိမီးငြိမ်းသတ်နိုင်မှာဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ် ဝက်ပုတ်တိုက်နယ်မှာ အိမ်ခြေ ၁၃၆၆ လုံး၊ အိမ်ထောင်စု ၁၃၈၉ စု၊ လူဦးရေ ၅၉၈၀ ဦးရှိပါတယ်။ အဆိုပါတိုက်နယ်မှာ ၁၀ နှစ်အတွင်း မီးလောင်မှုတစ်ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးကျပ် ၈၀၀၀၀၀ ဆုံးရှုံးခဲ့ပါတယ်။ ဝက်ပုတ်အရန်မီးသတ်စခန်းမှာ အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၃၇ ဦး၊ ကိုယ့်အားကိုယ်ကိုး အပေါ့စားမီးသတ်စက် ၁ လုံးရှိပါတယ်။ ဝက်ပုတ်တိုက်နယ်က ပေါင်းတည်မြို့နှင့် ၅ မိုင်သာကွာဝေးပြီး ရန်ကုန်-ပြည် ကတ္တရာလမ်းမကြီးဘေးမှာတည်ရှိပါတယ်။ အရေးပေါ်မီးလောင်မှုဖြစ်ပွားပါက ပေါင်းတည်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်ယာဉ် ၃ စီးက အချိန်တိုအတွင်း ရောက်ရှိပြီးမီးငြိမ်းသတ်နိုင်မှာဖြစ်ပါတယ်။

မီးသတ်ဦးစီးဌာနအနေနဲ့ မီးသတ်စခန်းနှင့် မီးသတ်ယာဉ်များဖြည့်တင်းရေး ဦးစားပေးအဆင့်သတ်မှတ်ရာမှာ မြို့တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ ကျေးရွာအုပ်စု စတဲ့ အစီအစဉ်အပြင် အိမ်ခြေနှင့်လူဦးရေထူထပ်မှု၊ အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား၊ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ စက်ရုံ/အလုပ်ရုံများတည်ရှိမှု၊ ၁၀ နှစ်အတွင်း မီးလောင်မှု အကြိမ်အရေအတွက်နှင့် ဆုံးရှုံးမှုတန်ဖိုး၊ မီးသတ်ယာဉ် ဝင်/ထွက်နိုင်တဲ့ လမ်းများစတဲ့အချက်ပေါ်မူတည်ပြီး ဦးစားပေးအဆင့်သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် သဲကုန်းမြို့နယ် မီးသတ်စခန်းကို ဝန်ထမ်းအင်အား ၃၁ ဦး၊ မီးငြိမ်းသတ်ယာဉ် ၂ စီး၊ မီးသတ်ရေသယ်ယာဉ် ၁ စီး၊ မီးသတ်စက်ယာဉ် ၁ စီး စုစုပေါင်း မီးသတ်ယာဉ် ၄ စီး ပါဝင်တဲ့ မြို့နယ်မီးသတ်စခန်း ဖွဲ့စည်းပုံအသစ်ဖြင့်လည်းကောင်း၊ ပုတီးကုန်းမြို့နယ် အရန်မီးသတ်

စခန်းကို ဝန်ထမ်းအင်အား ၁၀ ဦး၊ မီးငြိမ်းသတ်ယာဉ် ၁ စီး၊ မီးသတ်ရေသယ်ယာဉ် ၁ စီး စုစုပေါင်း မီးသတ်ယာဉ် ၂ စီးပါဝင်တဲ့ နယ်မြေမီးသတ်စခန်း ဖွဲ့စည်းပုံအသစ်ဖြင့်လည်းကောင်း တိုးချဲ့နိုင်ရန် ရည်ရွယ်ပြီး နိုင်ငံတော်သို့ ဖွဲ့စည်းပုံခွင့်ပြုမိန့်တင်ပြတောင်းခံထားရှိပြီးဖြစ်ပါတယ်။

ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိပါက သဲကုန်းမြို့နယ်နှင့် ပုတီးကုန်းမြို့တို့ကို ဖွဲ့စည်းပုံအသစ်မှာပါတဲ့ အတိုင်း ဖြည့်တင်းရန် လိုအပ်ချက်များအတွက် ဘဏ္ဍာငွေခွင့်ပြုမိန့်တင်ပြတောင်းခံပြီး နိုင်ငံတော်မှ ခွင့်ပြုမိန့်ရရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်သွားရန် စီမံထားရှိပါတယ်။ သို့ဖြစ်ပါ၍ ပဲခူးတိုင်း ဒေသကြီး၊ သဲကုန်းမြို့နယ်မှာရှိတဲ့ အင်းမအရန်မီးသတ်စခန်း၊ ဆင်မြီးဆွဲအရန်မီးသတ်စခန်းနှင့် ဝက်ပုတ်အရန်မီးသတ်စခန်းတို့မှာ ရေတွင်း၊ ရေစင်၊ ရေကန်များတည်ဆောက်ပေးရန်၊ ရေစုပ်စက်များ ထပ်မံဖြည့်ဆည်းပေးရန်နှင့် မီးသတ်ကား သို့မဟုတ် အသေးစားရေသယ်ယာဉ်များကို ဖြည့်ဆည်းပေး ရန်မှာ လတ်တလောအခြေအနေမှာ အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးရဲထွဋ်ဦး(နတ်တလင်းမဲဆန္ဒနယ်)။** ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ် တည်းမေးခွန်းလေးမေးခွင့်ပြုပါ။ မေးခွန်းရှင်ရဲ့ဆန္ဒအရ မီးသတ်ကားဝယ်ယူရန်အတွက် ဝက်ပုတ် ပြည်သူတွေသည် စုဆောင်းထားတဲ့ငွေကြေး သိန်း ၇၀ ကျပ်ကို မြန်မာ့စီးပွားရေးဘဏ်မှာလည်း ထည့်သွင်းထားပြီးဖြစ်ပါတယ်။ အဲဒီအတွက် လိုအပ်တဲ့ငွေကြေးကို ဝန်ကြီးဌာနအနေနဲ့ ဖြည့်ဆည်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါတယ်ခင်ဗျား။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ အဲဒီဘဏ္ဍာငွေ သုံးစွဲမှုအစီအစဉ်တော့ ကျွန်တော်တို့ ပြန်လည်မေးမြန်းပြီးမှတင်ပြရမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။

**ရန်ကုန်မြို့လယ်ရှိ အိုမင်းဟောင်းနွမ်းနေသော ရဲစခန်းကြီးများအား ခန့်ညားထည်ဝါသော ရဲစခန်းကြီး များအဖြစ် ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးဝင်း(ကျောက်တံတားမဲဆန္ဒနယ်)။ ။** လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဝန်ကြီးများနှင့် ဧည့်သည်

တော်များအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့လယ်မှာရှိနေတဲ့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းတွေနဲ့ပတ်သက်ပြီးတော့ ဒီရဲတပ်ဖွဲ့စခန်းတွေဟာ လမ်းမကြီးများ လမ်းကျယ်များမှာ တည်ရှိနေတာဖြစ်ပါတယ်။ ရဲစခန်းအဆောက်အဦတွေကလည်း နှစ်ပေါင်း ၁၀၀ နီးပါးကြာမြင့်နေပြီဖြစ်တဲ့အတွက် ခိုင်ခံ့မှုအားနည်းနေပြီး အခန်းများမှာရှိတဲ့ အခန်းဖွဲ့စည်းပုံတွေ၊ စင်္ကြံလမ်းတွေဟာလည်း ယိုယွင်းပျက်စီးနေပြီဖြစ်ပါတယ်။ ပြန်လည်တည်ဆောက်ရန်စီစဉ်နေကြောင်း ကြားသိရတဲ့အတွက်လည်း အလွန်ဝမ်းသာမိပါတယ်။ ကျွန်တော်သိလိုတဲ့အချက်ကတော့ ရဲစခန်းတွေဟာ တရားဥပဒေစိုးမိုးရေးအတွက် အားကိုးအားထားရာနဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်စိမ်ကို ကာကွယ်ပေးရမယ့်နေရာတွေဖြစ်တဲ့အပြင် လူဆိုးလူမိုက်တွေအတွက် ပညာပေးရာနေရာတွေလည်း ဖြစ်ပါတယ်။ ရဲစခန်းအဆောက်အဦများဟာ ခန့်ညားထည်ဝါမှုရှိရန်လိုအပ်မည်ဖြစ်ပါတယ်။ ကန်ထရိုက်တိုက်ပုံစံအခန်းများမဖြစ်ဖို့ လိုအပ်ပါလိမ့်မယ်။ ဘာဖြစ်လို့ကျွန်တော်ဒီလိုတင်ပြရသလဲဆိုတော့ တစ်ချိန်က နာမည်ကြီးခဲ့တဲ့ လမ်းမတော်ဖိုးတုတ်ရဲ့ ဘုန်းကြီးလမ်းဂတ်ဟာ အခုဆိုရင် ကန်ထရိုက်တိုက်အခန်းအဆင့်လောက်ပဲရှိပါတော့တယ်။ အဲဒီအတွက်ကြောင့် ရန်ကုန်မြို့မှာလည်း ကျွန်တော်တို့ ပြည်သူတွေရဲ့အားကိုးအားထားရာဖြစ်တဲ့ ပြည်သူ့ရဲစခန်းတွေကို ခိုင်ခန့်ထည်ဝါပြီး လုံခြုံမှုရှိတဲ့စခန်းများအဖြစ် ပြုပြင်တည်ဆောက်ရန်အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းရဲ့ မေးခွန်းနှင့်စပ်လျဉ်းလို့ ကျွန်တော်မှဖြေကြားသွားမှာဖြစ်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့ နိုင်ငံတော်ရဲ့ အခြေအနေအရပ်ရပ်နှင့်အညီ ခေတ်မီရဲတပ်ဖွဲ့ဖြစ်လာစေရေးအတွက် ဘက်ပေါင်းစုံ၊

ကဏ္ဍပေါင်းစုံက ဆောင်ရွက်လျက်ရှိရာမှာ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ဖွဲ့စည်းပုံများကို ပြုပြင်ပြောင်းလဲတိုးချဲ့မှုများ ပြုလုပ်ခဲ့ပါတယ်။

အဲ့ဒီလို အသစ်ဖွဲ့စည်းခဲ့သည်နှင့်အညီ လိုအပ်တဲ့အဆောက်အဦများ ဆောက်လုပ်နိုင်ရေး၊ သက်တမ်းကြာမြင့်နေပြီဖြစ်တဲ့ ရဲတပ်ဖွဲ့ပိုင် အဆောက်အဦများ အကြီးစားမွမ်းမံပြင်ဆင်ရေးနဲ့ ခေတ်နဲ့လျော်ညီတဲ့ အထပ်မြင့်အဆောက်အဦများ ပြန်လည်ဆောက်လုပ်ခြင်းတို့အတွက် ဘဏ္ဍာရေးနှစ်အလိုက် ငွေလုံးငွေရင်း(မူလ) ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံလျက် ခွင့်ပြုတဲ့ ငွေလုံးငွေရင်း(မူလ) ရန်ပုံငွေပေါ်မူတည်ပြီး ဦးစားပေးအစီအစဉ်ဖြင့် လိုအပ်တဲ့အဆောက်အဦများကို ဆောက်လုပ်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မြို့လယ်မှာရှိပြီး သက်တမ်းကြာမြင့်နေပြီဖြစ်တဲ့ ရဲစခန်းအဆောက်အဦများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အဦ) ကိုတင်ပြစစ်ဆေးမှုခံယူခဲ့ပြီး အကြီးစားမွမ်းမံပြင်ဆင်ခြင်း၊ ခေတ်နှင့်လျော်ညီတဲ့ အထပ်မြင့်အဆောက်အဦသစ် ပြန်လည်ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ရန်ကုန်မြို့လယ်မှာရှိတဲ့ ရဲစခန်းအဆောက်အဦများအနက် လမ်းမတော်နဲ့ မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်းအဆောက်အဦတို့ကို အသစ်တည်ဆောက်ပြီး ကျောက်တံတားရဲစခန်း၊ ပန်းဘဲတန်းရဲစခန်း၊ လသာရဲစခန်း၊ ဗိုလ်တထောင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် ရဲစခန်းအဆောက်အဦတို့ ကျန်ရှိနေတာဖြစ်ပါတယ်။ အဲဒီမြို့နယ် ရဲစခန်းအဆောက်အဦတွေကို ၈ ထပ် (၁၀၀x၆၀) ပေ သံကူကွန်ကရစ်အထပ်မြင့် အသစ်ပြန်လည်ဆောက်လုပ်နိုင်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မူလ) ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံခဲ့ပါတယ်။

နိုင်ငံတော်က ခွင့်ပြုနိုင်တဲ့ ဘဏ္ဍာငွေအခြေအနေအရ အထက်ပါအဆောက်အဦများ ပြန်လည်ဆောက်လုပ်ရေးလုပ်ငန်း ၄ ခုက လုပ်ငန်းများလျှော့ချရာမှာ ပါဝင်ခဲ့တဲ့အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေရရှိရေးကို ထပ်မံထည့်သွင်းတင်ပြထားရှိပါတယ်။ သို့ဖြစ်ပါ၍ ရန်ကုန်မြို့လယ်မှာရှိပြီး အိုမင်းဟောင်းနွမ်းနေတဲ့ အဆောက်အဦများဖြစ်တဲ့ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာနှင့် ဗိုလ်တထောင်မြို့နယ်များမှာရှိတဲ့ ရဲစခန်း ၄ ခုကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေရရှိပါက ၈ ထပ်သံကူကွန်ကရစ် အဆောက်အဦများဖြင့် အစားထိုးဆောက်လုပ်ပေးသွားရန် အစီအစဉ်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးဆုံးပါပြီ။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့ လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၁၁း၄၀ နာရီအချိန် တွင်ရပ်နားပါသည်။]